PDF Compressor Pro

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂) အမှတ် (၁၆၅)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

၂၀၁၃ ခုနှစ်၊ မတ် ၁၄ ရက်၊ ကြာသပတေးနေ့။

ထူးခြားသည့် နေ့အပူချိန်များ

၁၃-၃-၂၀၁၃

ချောက်မြို့ ၄၃ ဒီဂရီစင်တီဂရိတ်

မင်းဘူးမြို့ ၄၀ ဒီဂရီစင်တီဂရိတ်

တိမ် အသင့်အတင့်

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယူးဇီလန်နိုင်ငံနှင့် ဩစတြေးလျနေသဟာယနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးထွက်ခွာ

နေပြည်တော် မတ် ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် မစ္စတာဂျွန်ကီးနှင့် ဩစတြေးလျ နေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စကွင်တင်းဘရိုက်စ်တို့၏ ဖိတ်ကြားချက်အရ နယူးဇီလန်နိုင်ငံနှင့် ဩစတြေးလျနေသဟာယနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများက နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင်အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးအုန်းမြင့်၊ ဦးခင်ရီ၊ ဒေါက်တာမြအေး၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာဝင်းမြင့်၊ ဦးရဲထွဋ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်မှု စခန်းသစ်ဖွင့်လှစ်မည်

နေပြည်တော် မတ် ၁၂

မြန်မာနိုင်ငံသည် ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများ အပြန်အလှန် တိုးမြှင့်ပြုလုပ်လျက်ရှိရာ နယ်စပ်ကုန်သွယ်မှုများကိုလည်း တိုးမြှင့်ပြုလုပ်လျက်ရှိသည်။ ထိုသို့နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းသစ်များကို တိုးချဲ့ဆောင်ရွက်လျက်ရှိရာ လာမည့် ဧပြီလတွင် ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်မှု စခန်းသစ်တစ်ခုကို ဖွင့်လှစ်ရန် ဆောင်ရွက်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် တိုးတက်မြင့်မားစေဖို့ နယ်စပ်ကုန်သွယ်မှု စခန်းတွေကို တိုးချဲ့ဖွင့်လှစ်ဖို့ စီစဉ်နေပါတယ်။ နောက်ထပ်လည်း ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်ရေးစခန်းသစ်တွေလည်း ထပ်မံဖွင့်လှစ်သွားဖို့ အစီအစဉ်ရှိပါတယ်”ဟု ၎င်းက ပြောကြားသည်။

လာမည့် ဧပြီလတွင် ဖွင့်လှစ်မည့် ထိုင်း-မြန်မာနယ်စပ်ကုန်သွယ်မှု စခန်းသစ်မှာ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်ရှိ မောတောင်နယ်စပ်ကုန်သွယ်မှု စခန်းဖြစ်သည်။ မောတောင် နယ်စပ်ကုန်သွယ်မှု စခန်းသည် ထိုင်းနိုင်ငံ ပရာကျွတ်မြို့နယ်သို့ ဆက်သွယ်နိုင်သည့် စခန်းသစ်ဖြစ်သည်။

ထိုင်းနိုင်ငံမှ သွင်းကုန်များနှင့် မြန်မာနိုင်ငံဘက်မှ ပို့ကုန်များကို အဆင်ပြေစွာ ပို့ဆောင်နိုင်မည့် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းသစ်တစ်ခု အဖြစ်ရောက်ရှိလာမည်ဖြစ်သည်။ ယခု မော့တောင် နယ်စပ်ကုန်သွယ်မှုစခန်း ဖွင့်လှစ်နိုင်ခြင်းကြောင့် ယခင်က မြိတ်ခရိုင်မှ ထွက်ရှိသော ရေထွက်ကုန်ပစ္စည်းများ၊ ဆီအုန်းနှင့်ရော်ဘာတို့ကို ကော့သောင်းမြို့မှ ရေကြောင်းဖြင့် ၂၄ နာရီခန့် အချိန်ကြာအောင် ပို့ဆောင်ခဲ့ရသော်လည်း ယခုအခါ မော့တောင် စခန်းကြောင့် အချိန် ငါးနာရီခန့်သာ ကြာမြင့်နိုင်တော့မည်ဖြစ်သည်။

လောလောဆယ်တွင် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်မှုစခန်းများမှာ

စာမျက်နှာ ၃ ကော်လံ ၁ ❁

သတင်းမှတ်စု-အာကာဟိန်း

အာရှပတ်လည် မြားပစ်ပြိုင်ပွဲတွင် မြန်မာမြားပစ်အဖွဲ့ ရွှေတစ်ခု စတင်ရရှိ

ရွှေတံဆိပ်ဆုရ အောင်ငိုမ်း

ရန်ကုန် မတ် ၁၃

၂၀၁၃ ခုနှစ် ပထမအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပလျက်ရှိရာ မြန်မာမြားပစ်အဖွဲ့က မတ် ၁၃ ရက် ပွဲစဉ်များအပြီးတွင် ရွှေတံဆိပ်တစ်ခု ဆွတ်ခူးရရှိထားသည်။

ဝင်ရောက်ယှဉ်ပြိုင်

မြန်မာမြားပစ်အဖွဲ့အတွက် ရွှေတံဆိပ်ဆုကို အမျိုးသမီး တစ်ဦးချင်း Compound အမှတ်ပေးပြိုင်ပွဲတွင် အောင်ငိုမ်းက ၉ ဒသမ ၆ မှတ်ဖြင့် ရယူပေးခဲ့ခြင်းဖြစ်ပြီး ငွေဆုကို တရုတ် (တိုင်ပေ)နှင့် ကြေးဆုကို မလေးရှားတို့က ရရှိခဲ့သည်။ ပြိုင်ပွဲကို နိုင်ငံပေါင်း (၂၆)နိုင်ငံမှ အားကစားသမား ၂၄၄ ဦး ဝင်ရောက်ယှဉ်ပြိုင်နေပြီး မြန်မာမြားပစ်အဖွဲ့မှာ Recurve နှင့် Compound ပြိုင်ပွဲများတွင် အမျိုးသမီးကစားသမားများဖြင့် ဝင်ရောက်ယှဉ်ပြိုင်နေခြင်း ဖြစ်သည်။

ကိုကိုစိုးညွန့်

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သတိပြုကာကွယ် မီးဘေးအန္တရာယ်

ယခုအခါပူပြင်းခြောက်သွေ့သော နွေရာသီသို့ရောက်ရှိလာပြီ ဖြစ်သည်။ နှစ်စဉ် နှစ်တိုင်း နွေရာသီရောက်ပြီဆိုလျှင် လူတိုင်း ပူပင်ကြရသည်မှာ မီးဘေးအန္တရာယ်ပင်ဖြစ်၏။ မီးဘေးအန္တရာယ်သည် နွေရာသီရောက်တိုင်း လူတို့၏ အသက်အိုးအိမ် စည်းစိမ်တို့ကို ခြိမ်းခြောက်လျက်ရှိသည်။

“မီးသည် သုံးတတ်လျှင်မိတ်ဆွေဖြစ်ပြီး မသုံးတတ်လျှင် ရန်သူဖြစ်သည်” ဆိုသောစကားရှိ၏။ မီးကို ဂရုတစိုက် စနစ်တကျ သုံးစွဲခြင်းသည် မိတ်ဆွေမည်၏။ သို့ရာတွင် မီးကိုလောင်တတ်မှန်း သိပါလျက်နှင့် ပေါ့ပေါ့တန်တန်သုံးစွဲခြင်းသည် အန္တရာယ်ပေးနိုင်သည့်ရန်သူကို လက်ယပ်ခေါ်ခြင်းပင်ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုလျှင် မီးဘေးအန္တရာယ်ကို ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်၏။

နှစ်စဉ် မီးလောင်မှုဖြစ်စဉ်များကို လေ့လာကြည့်လျှင် လူတို့၏ ပေါ့ဆမှုကြောင့် အများဆုံးဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။ မီးဖိုမှသော်လည်းကောင်း၊ ဖယောင်းတိုင်မီးမှသော်လည်းကောင်း၊ ဆေးလိပ်မီးမှသော်လည်းကောင်း၊ ခြင်ဆေးခွေမီးမှသော်လည်းကောင်း စတင်ကာ မီးလောင်မှုကြီးများ ဖြစ်ပွားနိုင်၏။ မြို့ရွာ အိမ်ခြေများ၊ စက်ရုံ အလုပ်ရုံများ၊ စက်မှုထုတ်ကုန် စိုက်ပျိုးရေးထုတ်ကုန်များ မီးလောင်ဆုံးရှုံးနိုင်သကဲ့သို့ အခန့်မသင့်လျှင် လူ့အသက်ပါ ဆုံးရှုံးနိုင်သည်ကို သတိချပ်သင့်ကြပါ၏။

ကျေးလက်တောရွာများတွင် ဖယောင်းတိုင်မီး၊ မီးဖိုမီးနှင့် ဆေးလိပ်တိုမီးတို့မှတစ်ဆင့် မီးလောင်မှုအများဆုံး ဖြစ်ပွားလျက်ရှိသည်။ ဆေးလိပ်တိုတစ်တိုကြောင့် တစ်ရွာလုံးမီးဘေးကြုံတွေ့ရသည်ကို ကြားဖူး၏။ အိပ်ပျော်နေစဉ် ဖယောင်းတိုင်လဲကျ၍ တစ်ရပ်ကွက်လုံး ကုန်ပါလေရောဆိုသည့် သတင်းမျိုး ကြားဖူး၏။ မီးဖိုမီး မငြိမ်းမိလိုက်၍ ဘုရားပွဲသွားနေစဉ် ရွာမီးလောင်မှုဖြစ်ရသည်ဆိုသည်ကိုလည်း ကြားဖူး၏။ ထို့အပြင် မြို့ပေါ်ရပ်ကွက်များတွင် အဖြစ်များဆုံးသောမီးမှာ ခြင်ဆေးခွေမှစသော မီးဖြစ်၏။ အချို့သောသူများမှာ ခြင်ထောင်ထောင်မအိပ်ကြဘဲ ခြင်ဆေးခွေဖြင့် အိပ်တတ်ကြ၏။ ခြင်ဆေးခွေမှတစ်ဆင့် မွေ့ယာ၊ အဝတ်၊ စောင်စသည်တို့ကို ကူးစက်လောင်မြိုက်စေပြီး မီးလောင်မှုဖြစ်ပွားတတ်၏။

နေ့လယ်ခင်း အပူရှိန်ပြင်းထန်ချိန်တွင် ဒီဇယ်ဆီ၊ ဓာတ်ဆီစသော စက်သုံးဆီများကို သိုလှောင်ကန်၊ ဆီသယ်ယာဉ်၊ ပလတ်စတစ်ပုံးစသည်တို့တွင် လဲလှယ်ဖြည့်တင်းရာမှ မီးလောင်သောဖြစ်စဉ်များကိုလည်း မကြာ မကြာ ကြားသိနေရ၏။ လောင်စာဆီများဖြည့်တင်းချိန်တွင် ပွတ်တိုက်မှု (Friction) ကြောင့် သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) ဖြစ်ပေါ်ကာ မီးလောင်မှုဖြစ်ပွားနိုင်ကြောင်းလည်း ဗဟုသုတရှိကြသင့်၏။

ထို့ကြောင့် လူတို့အနေဖြင့် ယခုကဲ့သို့ ပူပြင်းခြောက်သွေ့သော ရာသီတွင် မီးအန္တရာယ်ကို သတိမူကြရန် အရေးကြီးလှပေသည်။ မီးဘေးအန္တရာယ်သည် လူတိုင်း၏သတိရှိမှုဖြင့် အနိုင်ယူနိုင်၏။ ကြိုတင်ကာကွယ်နိုင်၏။ မီးဘေးအန္တရာယ် မဖြစ်ပွားစေရေးအတွက် မီးကိုသတိဖြင့် ဆင်ခြင်သုံးစွဲအပ်ပါကြောင်း။ ။

မီး ဘေးရှောင် မလောင်ခင်တား

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီးအား ကုလသမဂ္ဂကိုယ်စားလှယ်များ တွေ့ဆုံ

နေပြည်တော် မတ် ၁၃

ဘရာဇီးလ်သံအမတ်ကြီး မစ္စတာ အန်တိုနီနိုမားကွတ်ပေါ်တို ဦးဆောင်သော ကုလသမဂ္ဂ အမှုဆောင်ဘုတ်အဖွဲ့ ခြောက်ဖွဲ့မှ ကိုယ်စားလှယ်များသည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ကို မတ် ၁၂ ရက် နံနက် ၁၁ နာရီက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား အနာဂတ် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် မတ် ၉ ရက် နံနက်ပိုင်းတွင် မုံရွာခရိုင် ပုလဲမြို့နယ် ပုလဲ-ဂန့်ဂေါလမ်း လမ်းအဆင့်မြှင့်တင် ကတ္တရာခင်းကျင်းနေမှုနှင့် တံတားများ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပုလဲမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ စိုက်ပျိုးထားသော ဝါးသုံးရုံ(ယာယီ) ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူနှင့် တာဝန်ရှိသူများသည် တောင်ပိတောက်ကုန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် မိုးထက်မြင့်နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးက ကျောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ အလှူရှင် ဦးမြင့်စန်းက ကျောင်းဆောင်သစ်ဆောက်လုပ် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ မိုးထက်မြင့် နှစ်ထပ်ကျောင်းဆောင်သစ်သည် အလျား ပေ ၁၂၀၊ အနံပေ ၃၀ နှင့် အမြင့် ၂၂ ပေ ရှိပြီး RC ကွန်ကရစ်ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြောက်ယမား ရေကူရေလှောင်တမံစီမံကိန်းနှင့် မြောက်ယမား ရေအားလျှပ်စစ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အေးချမ်းသာကျေးရွာ၊ ဝမ်းဘဲဥကျေးရွာ၊ ဝက်ကျကျေးရွာ၊ အင်တိုင်းသာကျေးရွာ၊ လဲကန်ကျေးရွာနှင့်ကြက်ရင်းကျေးရွာတို့မှ ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကျေးရွာများအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် ဂျာနယ်၊ စာစောင်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပိုတံဆိပ်ခေါင်းခွန် လွှဲပြောင်းပေးအပ်

ရန်ကုန် မတ် ၁၃

ပြည်တွင်းအခွန်များဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ အပိုတံဆိပ်ခေါင်းခွန် ၂ ရာခိုင်နှုန်း လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီးအခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းအေးက အပိုတံဆိပ်ခေါင်းခွန် ၂ ရာခိုင်နှုန်း လွှဲပြောင်းပေးအပ်နိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ လက်ထောက်ဌာနမှူး ဦးကျော်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးက ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျခံသုံးစွဲနိုင်ရန် အပိုတံဆိပ်ခေါင်းခွန် ၂ ရာခိုင်နှုန်းဖြစ်သော ငွေ ၁၆၃၆၇၇၁၉၃၆ ကျပ်ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** **(ပြည်တွင်းအခွန်)**

ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်းရှိလမ်းတံတားများ လေလံတင်

တောင်ကြီး မတ် ၁၃

ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိ လမ်းတံတားဂိတ် ၁၃ ခု၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များကို နိုင်ငံသားများအား မဲစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ရှမ်းပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းတံတား လေလံလုပ်ကိုင်ခွင့်ကြီးကြပ်ရေးအဖွဲ့က ထုတ်ပြန်သည်။ အဆိုပါလမ်းတံတားများမှာ တောင်ကြီးခရိုင်အတွင်း လမ်းရှစ်ခု၊ တံတားနှစ်စင်းနှင့်လွိုင်လင်ခရိုင်တွင် တံတားသုံးစင်းဖြစ်ကြောင်း သိရသည်။ လမ်းပိုင်းကိုးခုမှာ အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော် လမ်းအတွက် အောင်ပန်းဂိတ်၊ ဟန်မြင့်မိုရ်-မြို့ကြီး-ရွာငံ-အောင်ပန်းလမ်းအတွက် ကျုံးဂိတ်၊ အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်း ဂိတ်အတွက် ပင်လောင်းဂိတ် (အောင်ပန်း-ပင်လောင်းအတွက်)၊ ပျဉ်းမနား-ပင်လောင်းလမ်းအတွက် ပင်လောင်းဂိတ် (ပျဉ်းမနား-ပင်လောင်း)၊ တောင်ကြီး-ဟမ်းဆီး-နောင်ယာဆိုင်း-ကျောက်တစ်လုံးလမ်းအတွက် ကျောက်တစ်လုံးဂိတ်၊ ရွှေညောင်-ညောင်ရွှေလမ်းအတွက် ညောင်ရွှေဂိတ်၊ အောင်ပန်း-ပင်းတယလမ်းအတွက် အောင်ပန်း-ပွေးလှဂိတ်၊ တောင်ငူ-လွိုင်ကော်-ဟိုပုံးလမ်းအတွက် ဆီဆိုင်-ဟိုပုံးဂိတ်၊ တံတားလေးစင်းမှာ လိန်းလီတံတား နေပြည်တော်-ပျဉ်းမနား-ပင်လောင်းလမ်းပိုင်း၊ တုံဟုံးတံတား အေးသာယာ-ညောင်ရွှေ-မိုင်းသောက်-နမ့်ပန်-တုံးဟုံးလမ်း၊ ကဝက်ကင်းတံတား၊ ကွန်ဟိန်းတံတား မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းပိုင်းတို့ ဖြစ်သည်။

တင်ဒါလျှောက်လွှာများကို ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတွင် ဝယ်ယူပြီး မတ် ၁၄ ရက် မွန်းတည့် ၁၂ နာရီမတိုင်မီ တင်သွင်းရမည် ဖြစ်သည်။ လေလံပွဲကို မတ် ၁၅ ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၈၁-၂၁၂၁၁၆၂၊ ၀၈၁-၂၁၂၀၀၁၆ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။

နိုင်ထွန်း(TGI)

နားရှိုးရပ်ကွက်နှင့် ဆင်စုတ်ကျေးရွာများ လျှပ်စစ်မီးလင်း

နောင်ချို မတ် ၁၃

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော် ဟော်တော်ကျောင်းတိုက် ဆရာတော် ဦးဝါသေဌ ကြီးကြပ်ဦးဆောင်ပံ့ပိုးဆောင်ရွက်မှုဖြင့် မြို့နယ်လျှပ်စစ်ဦးစီးမှူး ဦးမောင်မောင်ဦးနှင့်ဝန်ထမ်းများ ပါဝင်ဆောင်ရွက်လုပ်ကိုင်ကြသဖြင့် နောင်ချိုမြို့ တောင်ရပ်ကွက် နားရှိုးရပ်ကွက်နှင့် ဆင်စုတ်ရပ်ကွက်တို့ရှိ အိမ်ခြေ ၃၅ အိမ်တွင် လျှပ်စစ်မီးများသုံးစွဲနိုင်ကြပြီဖြစ်၍ ပြည်သူများဝမ်းသာလျက်ရှိကြောင်း သိရသည်။

(ဝ၆၁)

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတအား တွေ့ဆုံနှုတ်ဆက်



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်အား ဗီယင်ကျန်းမြို့ရှိ သမ္မတနန်းတော်ဟော်ခမ်း၌ သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၃

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာကျူမာလီဆိုင်ညဆွန်အား မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် ဗီယင်ကျန်းမြို့ရှိ သမ္မတနန်းတော်ဟော်ခမ်း၌ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတနှင့်အတူ သမ္မတရုံးဝန်ကြီးဌာနဝန်ကြီး ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H.E. Mr. Nilahath Sayarth နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေး

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မာရေး၊ မြန်မာနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူချိန်တွင် နှစ်နိုင်ငံအကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားရေး၊ အာဆီယံ၊ အက်မက်စ်နှင့် ဂျီအမ်အက်စ် စသည့်ဒေသတွင်းအစီအစဉ်များ၌ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်နားလည်မှု တိုးတက်လာသကဲ့သို့ နယ်ပယ်အသီးသီး၌လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-လာအို မဲခေါင်မြစ်ကူးချစ်ကြည်ရေးတံတားဖြစ်မြောက်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှု ခရီးသွားလုပ်ငန်း၊ သာသနာရေး၊ ပညာရေးနှင့်စိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်တွင် ကဏ္ဍပေါင်းစုံ၌ တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ကျန်းမာရေးစနစ်တစ်ခုလုံးအတွက် နိုင်ငံတော်၏ဘဏ္ဍာငွေဆိုင်ရာ စီမံခန့်ခွဲမှုစနစ်နှင့်ကိုက်ညီသည့် တစ်ခုတည်းသောရန်ပုံငွေစီမံခန့်ခွဲမှုစနစ်တစ်ရပ် ဖော်ဆောင်

နေပြည်တော် မတ် ၁၃

ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ယနေ့နိုင်ငံတော်မှ ငွေကြေးအရင်းအနှီးများ ပိုမိုမြှုပ်နှံ၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာမှ အလှူရှင်များ၏ မြန်မာနိုင်ငံအပေါ် စိတ်ဝင်တစား ကူညီပေးမှုများသည် အရေးပါသော တွန်းအားတစ်ရပ်ပင်ဖြစ်ကြောင်း၊ ကမ္ဘာ့ရန်ပုံငွေအဖွဲ့သည် မြန်မာနိုင်ငံ၏ကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ရှေ့ဆက်တိုးမြှင့်ထောက်ပံ့သွားမည်ဖြစ်သဖြင့် အဆိုပါအခွင့်အရေးကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် သာမက ကျန်းမာရေးစနစ်ကြီးတစ်ခုလုံး တိုးတက်ပီပြင်လာစေရေးအတွက် အကျိုးရှိရှိ အသုံးချရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ငွေကြေးနှင့်လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုသည် လွန်စွာအရေးပါကြောင်း၊ ကျန်းမာရေးစနစ်တစ်ခုလုံးအတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေဆိုင်ရာ စီမံခန့်ခွဲမှုစနစ်နှင့် ကိုက်ညီသည့် တစ်ခုတည်းသောရန်ပုံငွေစီမံခန့်ခွဲမှုစနစ်တစ်ရပ်ကို ဖော်ဆောင်ရမည်ဖြစ်ကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယနေ့နံနက် ၈ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် Meeting Between the Ministry of Health and Develo- pment Partners on Funds Flow ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။ **(ယာပုံ)**

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့်က အမှာစကားပြောကြားသည်။

ထို့နောက် The World Bank မှ Mr. Khwima Nthara ၊ 3MDG Fund Board မှ Chairman Dr. Julia Kemp နှင့် GFATM Fund portfolio မှ Manager Ms. Izaskun Gaviria တို့က ဆွေးနွေးကြပြီး ဌာနဆိုင်ရာများနှင့်အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❁ *ရှေ့ဖုံးမှ*

မြဝတီ၊ တာချီလိတ်၊ မြိတ်၊ ကော့သောင်းတို့ရှိနေရာ ယခု မောတောင်စခန်းသည် ငါးခုမြောက်ဖြစ်လာမည်ဖြစ်သည်။ ဆက်လက်ပြီး မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုစခန်းများ ပိုမိုတိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်သည်။ ထိုသို့ နယ်စပ်ကုန်သွယ်ရေးစခန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းကြောင့် တရားမဝင်မှောင်ခိုကုန်သွယ်မှုများပပျောက်သွားမည်ဖြစ်ပြီး တရားဝင်ကုန်သွယ်မှုမှ အခွန်ငွေများ တိုးမြှင့်ရရှိမည်ဖြစ်သည်။

ထို့အပြင် တရားဝင်ကုန်သွယ်မှုကြောင့် မြန်မာ့ထုတ်ကုန်များ၏ ဈေးနှုန်းမှာလည်း ထိုက်တန်သောဈေးများ ရရှိလာမည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ယခုအခါ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုပြုလုပ်လျက်ရှိသည့် နယ်စပ်ကုန်သွယ်မှု စခန်းပေါင်း ၁၂ ခုအထိ ရှိလာပြီဖြစ်သည်။ **(မြန်မာ့အလင်း)**

ပဲခူး-လပွတ္တာနှင့် မိတ္ထီလာမြို့များတွင် MRTV-4 (Free To Air) ရုပ်သံလိုင်းကို ရိုးရိုးတီဗွီအင်တင်နာဖြင့် လွယ်ကူစွာဖမ်းယူ ကြည့်ရှုနိုင်

နေပြည်တော် မတ် ၁၃

ယခုအခါ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-4 ရုပ်သံလိုင်းကို (Free To Air) စနစ်ဖြင့်ပါ အများပြည်သူ လွယ်ကူစွာ ဖမ်းယူကြည့်ရှုနိုင်ရန် ထုတ်လွှင့်ပေးလျက်ရှိပါသည်။

MRTV-4 (Free To Air) ရုပ်သံလိုင်းကို ပဲခူးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF လှိုင်းနှုန်း CH-33 (590-596 MHz) ဖြင့်လည်းကောင်း၊ လပွတ္တာမြို့အနီးတစ်ဝိုက်တွင် UHF လှိုင်းနှုန်း CH-21 (518-524 MHz) ဖြင့်လည်းကောင်း၊ မိတ္ထီလာမြို့နှင့် အနီးတစ်ဝိုက်တွင် UHF လှိုင်းနှုန်း CH-20 (512-518 MHz) ဖြင့်လည်းကောင်း ထုတ်လွှင့်ပေးနေပြီဖြစ်ရာ မိမိတို့အိမ်ရှိ တီဗွီနှင့်ရိုးရိုး UHF အင်တင်နာဖြင့်ပင် ရုပ်သံအရည်အသွေး ကြည်လင်ကောင်းမွန်စွာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ပါသည်။ **(သတင်းစဉ်)**



PDF Compressor Pro

ဆောင်းပါး

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းအားလေ့လာခြင်း

မောင်ရဲသူ

ယခုတစ်လော ဂျာနယ်များတွင် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့် ပတ်သက်၍ ကန့်ကွက်သံများကို နေ့စဉ်လိုလိုဖတ်ရှုနေရပါသည်။ စာရေးသူသည် စာအုပ်ထုတ်ဝေရေးလုပ်ငန်း လုပ်ကိုင်နေရုံမျှမက ပုံနှိပ်စက်များလည်း ပိုင်ဆိုင်ထားသူဖြစ်ပါသည်။ သို့အတွက် မိမိနှင့်သက်ဆိုင်သော ဥပဒေဖြစ်သည့်အားလျော်စွာ မည်သည့်အချက်အလက်များအား ကန့်ကွက်နေသနည်းဟု ဥပဒေကြမ်းကို သေချာလေ့လာဖတ်ရှုမိပါသည်။ စာရေးသူကိုယ်တိုင်လည်း ဥပဒေနှင့်ဘွဲ့ရရှိခဲ့ပြီး ကာလအတိုင်းအတာတစ်ခုထိလည်း ရှေ့နေရှေ့ရပ်လုပ်ငန်းများကို လုပ်ဆောင်ဖူးခဲ့သူ တစ်ယောက်ဖြစ်ပါသည်။ သို့အတွက် လက်ရှိထုတ်ပြန်ထားသောဥပဒေကြမ်းနှင့်ပတ်သက်၍ အခန်းတစ်ခန်းချင်းစီ၊ တစ်ပိုဒ်ချင်းစီ၊ စာတစ်ကြောင်းစီမှအစ လေ့လာကြည့်သောအခါ အောက်ပါအတိုင်းတွေ့ရှိရပါသည်။

အခန်း(၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် ဖြစ်ပါသည်။ အခန်းနှင့်ပတ်သက်၍ ထုတ်ဝေသူအားလုံး သိနားလည်ပြီးဖြစ်၍ အကျယ်ရှင်းပြရန်မလိုပါ။

အခန်း(၂)

ပုဒ်မ ၃။ ပုဒ်မ(၃)သည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသောသူများ၊ သတင်းအေဂျင်စီဖွင့်လှစ်ဆောင်ရွက်လိုသူများသည် မှတ်ပုံတင်အရာရှိထံတွင် မိမိ၏လုပ်ငန်းကို လျှောက်ထားရန်ဖြစ်ကြောင်း ပြဋ္ဌာန်းချက်ဖြစ်ပါသည်။ ဤပြဋ္ဌာန်းချက်သည် ပုံနှိပ်သူနှင့် ထုတ်ဝေသူတို့အတွက် အမှန်တကယ် လိုအပ်သော အချက်ဖြစ်ပါသည်။ ပုံနှိပ်သူနှင့် ထုတ်ဝေသူတို့သည် မိမိတို့၏လုပ်ငန်းကို ဥပဒေအကာအကွယ်ရယူနိုင်ရန်အတွက် ဤအချက်သည် အလွန်လိုအပ်ပါသည်။ မိမိတို့သည် မိမိတို့၏လုပ်ငန်း အမှန်တကယ် လွတ်လပ်စွာဆောင်ရွက်နိုင်ရန် ဤဥပဒေ၏ အကာအကွယ်ကို ရယူနိုင်ရန် မှတ်ပုံတင်ထားမှသာ ရရှိနိုင်မည်ဖြစ်ပါသည်။ မှတ်ပုံတင်မထားဘဲ မိမိတို့သဘောဖြင့် မိမိတို့လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရှိသည်ဟုခံယူ၍ လုပ်ငန်းလုပ်ကိုင်ဥပဒေအရ အရေးယူခြင်းကို မလွဲမသွေ ခံရမည်ဖြစ်ပါသည်။

ပုဒ်မ (၃)အရ မှတ်ပုံတင်လျှောက်ထားသူအား သတ်မှတ်ချက်များနှင့် ကိုက်ညီပါက သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းစေပြီး သတ်မှတ်ကာလအတွက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပုဒ်မ(၄)အရ မှတ်ပုံတင်အရာရှိသည် ထုတ်ပေးမည်ဖြစ်ပါသည်။

ပုဒ်မ (၅)သည် အရေးကြီးသော ပုဒ်မဖြစ်ပါသည်။ ဤမျှလွယ်ကူရိုးရှင်းသောနည်းဖြင့် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ထုတ်ယူနိုင်သော်လည်း ယင်းအသိအမှတ်ပြုလက်မှတ်ကို ရရှိရန် မရိုးဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားရန် အကြံဖြင့်ဖြစ်စေ လျှောက်ထားခဲ့လျှင်သော်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုဆန့်ကျင်၍ ဆောင်ရွက်ကြောင်းသော်လည်းကောင်း၊ တစ်နည်းနည်းဖြင့် စိစစ်တွေ့ရှိပါက ဝန်ကြီးသည် ဤလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

ယခုပြင်ပတွင် ကန့်ကွက်နေသော အချက်များတွင် ဝန်ကြီးသည် လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ကို ရုပ်သိမ်းနိုင်သည် (သို့) တားမြစ်နိုင်သည်ဆိုသော ပြဋ္ဌာန်းချက်ပါရှိနေခြင်းကြောင့် ယခင်ဥပဒေအတိုင်းလို တချို့မလို တစ်မျိုး၊ ဝန်ကြီး ရုပ်သိမ်းတားမြစ်ချင်တိုင်း အချိန်အခါမရွေး မည်သူ့ကိုမဆို ရုပ်သိမ်းတားမြစ်နိုင်သည့်အတွက် ယခင် ၁၉၆၂ ဥပဒေနှင့်မခြား ဆိုးရွားလှသည်ဟု အမနာပ ပြောနေကြပါသည်။ အလွန်မှားပါသည်။ ဤဥပဒေပြဋ္ဌာန်းချက်ကို သေချာစွာ ဖတ်ကြည့်ပါက အလွန်ရှင်းလင်းလှသည်ကို တွေ့ရှိရပါမည်။ ဝန်ကြီးသည် လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ကို မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားရန် အကြံဖြင့်ဖြစ်စေ လျှောက်ထားခဲ့ကြောင်းသော်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ ဆောင်ရွက်ကြောင်းကိုသော်လည်းကောင်း၊ စိစစ်တွေ့ရှိမှသာ ဝန်ကြီးရုပ်သိမ်းတားမြစ်နိုင်ခြင်းဖြစ်ပါသည်။ အခြားသော မည်သည့်ကိစ္စ၊ မည်သည့်အကြောင်းပြချက်နှင့်မျှ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ဝန်ကြီးသည် ရုပ်သိမ်းတားမြစ်နိုင်ခြင်း မရှိသည်ကို ရှင်းလင်းစွာတွေ့ရှိရမည်ဖြစ်ပါသည်။

ပုဒ်မ (၆)နှင့် ပတ်သက်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းခြင်း၊ တားမြစ်ခြင်းများနှင့်ပတ်သက်၍ ရုပ်သိမ်းတားမြစ်ခံရသူများအနေဖြင့် ဝန်ကြီးထံအယူခံခွင့်ရှိကြောင်း ပြဋ္ဌာန်းထားချက်ဖြစ်ပါသည်။ ယခုဆိုလျှင် ယင်းပုဒ်မ ၆ နှင့်ပတ်သက်၍ သမ္မတထံအထိ အယူခံပိုင်ခွင့်ကို တိုးမြှင့်သတ်မှတ်ပြီး ဖြစ်ပါသည်။

အခန်း(၃)

အခန်း (၃)သည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် လိုက်နာရန် စည်းကမ်းချက်များဖြစ်ပါသည်။

ပုဒ်မ (၇)နှင့်ပတ်သက်၍ ယခုပြင်ပတွင် ပြောဆိုကန့်ကွက်ရေးသားနေကြသည့် 'ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ခြင်း၊ လူမျိုးဘာသာသာထိခိုက်ခြင်း၊ ညစ်ညမ်းစွာ ဖော်ပြခြင်း၊ ဥပဒေစိုးမိုးမှုပျက်ပြားစေခြင်း စသည်တို့ကို ပုံနှိပ်ခြင်း မပြုရဟု ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းတွင် ဖော်ပြထားရာ တည်ဆဲဥပဒေများရှိပြီးဖြစ်၍ ပြဋ္ဌာန်းရန်မလို'ဟု ဆိုခြင်းသည် အလွန်မှားယွင်းသော နားလည်မှုဖြစ်ပါသည်။ တည်ဆဲဥပဒေများရှိပြီးဖြစ်၍ဟု ခပ်တည်တည် ဖော်ပြလိုက်သဖြင့် လူတိုင်းက ဟုတ်တာပဲဟု ထင်လိုက်ကြမည်ဖြစ်ပါသည်။ မဟုတ်ပါ။ သေချာစွာ ဂရုပြုသုံးသပ်ကြည့်ပါ။

တည်ဆဲဥပဒေများဟု ယေဘုယျပြဋ္ဌာန်းဥပဒေမရှိပါ။ မည်သည့် တည်ဆဲဥပဒေမဆို ဥပဒေအလိုက် သတ်မှတ်အမည်များရှိသည်။ ဥပမာ-ပြစ်မှုဆိုင်ရာဥပဒေ၊ တရားဥပဒေ၊ လောင်းကစားမှုဥပဒေ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ . . . . စသည်ဖြင့် အမည်များအားလုံးရှိပါသည်။ ထိုအမည်နာမတို့သည် ထိုဥပဒေနှင့်ပတ်သက်၍ မည်သူတို့တွင် တာဝန်ရှိစေသည်ကို ထင်ရှားပေါ်လွင်စေသည်။ ဥပဒေ၏ မူသဘောတစ်ရပ်ပင်ဖြစ်ပါသည်။ ပြစ်မှုဆိုင်ရာဥပဒေတွင်ပုဒ်မများနှင့် မည်သူမဆိုဟုပါရှိပါသည်။ ကျူးလွန်သူတိုင်းကို အရေးယူမည့်သဘောဖြစ်ပါသည်။ ယခု ဥပဒေသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေဖြစ်၍ ပုံနှိပ်သူနှင့် ထုတ်ဝေသူတို့အပေါ်တွင် တာဝန်ရှိကြောင်း သီးခြားသတ်မှတ်ပေးခြင်းသာဖြစ်ပါသည်။ အခြားတည်ဆဲဥပဒေများသည် ဆိုင်ရာဆိုင်ရာသူတို့အပေါ်တွင် တာဝန်ရှိစေခြင်းဖြစ်၍ ယခုဥပဒေတွင် ပုံနှိပ်သူနှင့် ထုတ်ဝေသူတို့အပေါ်တွင် တာဝန်ရှိစေကြောင်း သတ်မှတ် ပြဋ္ဌာန်းခြင်းဖြစ်ရာ အထူးလိုအပ်လှသောအချက်ဖြစ်ပါသည်။

ထို့ပြင် စာနယ်ဇင်းသမား ဆရာအချို့က ဤပုဒ်မ (၇) သည် လွတ်လပ်စွာရေးသားပြောဆိုနိုင်ခြင်းကို တစ်ဖက်လှည့်ဖြင့် ထိန်းချုပ်ခြင်းဟု အကြောင်းပြကန့်ကွက်ကြပါသည်။ ဤသို့ ပြဋ္ဌာန်းထားသဖြင့် ပုံနှိပ်၊ ထုတ်ဝေသူတို့က သူတို့၏စာကို ထုတ်ဝေခြင်းမပြုတော့ပါကဘယ်လိုလုပ်မလဲဟု တွေးဆသူများပင်ရှိကြပါသည်။

အခန်း(၃)၏ ခေါင်းစဉ်ကိုကြည့်လျှင်ပင် ရှင်းလင်းပြတ်သားစွာ ထင်ရှားပေါ်လွင်နေပါသည်။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းအတွက် လိုက်နာရန် စည်းကမ်းဟု ညွှန်းဆိုဖော်ပြထားပါသည်။ ပုံနှိပ်သူနှင့် ထုတ်ဝေသူတို့အတွက် လိုက်နာရန် စည်းကမ်းဟု တိတိကျကျ ရှင်းရှင်းလင်းလင်းဖော်ပြထားသဖြင့် အခြားအခြားသော မည်သူနှင့်မျှ သက်ဆိုင်ခြင်းမရှိပါ။ စာနယ်ဇင်းဆရာတို့နှင့်လည်း လုံးဝပတ်သက်ခြင်းမရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ပုဒ်မ (၇) ကို ကြည့်လိုက်လျှင် ရိုးရှင်းပါသည်။ ပုဒ်မ(၇)တွင် 'ပုံနှိပ်သူ၊ (သို့မဟုတ်) ထုတ်ဝေသူသည် အောက်ပါအချက်တစ်ရပ်ရပ်တွင် အကျုံးဝင်သော ထုတ်ဝေစာများကို ပုံနှိပ်ခြင်း၊ သို့မဟုတ် ထုတ်ဝေခြင်း မပြုရ' ဟု တာဝန်ကို ရှင်းလင်းအသိပေးဖော်ပြထားပါသည်။ 'ပုံနှိပ်သူနှင့် ထုတ်ဝေသူဟု' စကားလုံး တိကျစွာဖြင့် မည်သူ့တွင် ဤပုဒ်မ(၇)ကို လိုက်နာရန်တာဝန်ရှိသည်ကို ဖော်ပြထားခြင်းဖြစ်ပါသည်။ စာနယ်ဇင်းဆရာတို့ စိုးရိမ်နေသလို ရေးသူတို့နှင့် ပတ်သက်စပ်ဆိုင်ခြင်းလုံးဝမရှိသဖြင့် စာနယ်ဇင်းဆရာတို့အတွက် ဤဥပဒေဖြင့် အရေးယူခံရရန် လုံးဝမရှိပါ။ ရှင်းလင်းစွာ သိရှိနိုင်ပါသည်။ တစ်ဆင့်အတွေးဖြင့်သာ ဤသို့ ပုံနှိပ်နှင့် ထုတ်ဝေသူတို့ကို ကန့်သတ်ထားသဖြင့် သူတို့ရေးသော စာများကို ဘယ်သူတွေ ရိုက်ကြ၊ ထုတ်ကြတော့မှာလဲ။ ဒါဟာသူတို့ကို တစ်ဖက်လှည့်ဖြင့် ထိန်းချုပ်ထားခြင်းဟု ဆိုကြပါသည်။

ပုံနှိပ်သူနှင့် ထုတ်ဝေသူတို့သည် သူတို့၏မိသားစုစားဝတ်နေရေးအတွက် အကျိုးစီးပွားအတွက် လုပ်ကိုင်နေခြင်းဖြစ်ရာ အန္တရာယ်ကို ကြည့်ရှောင်ရမည်မှာ အသေအချာပင်ဖြစ်ပါသည်။ အကယ်၍ ထိုထိုပုဂ္ဂိုလ်များ ရေးသောစာသည် ပြည်သူများအတွက် အမှန်တကယ် သိရန်လိုအပ်သော သုတရသစာပေများ၊ အဆိပ်အတောက်ကင်းသော စာပေများဖြစ်လျှင် ထုတ်ဝေသူတို့အနေဖြင့် ဘာမှ ထုတ်ဝေမပေးရန် အကြောင်းမရှိပါ။ ရေးစရာအကြောင်းအရာများ ထောင် သောင်းမကရှိနေသော ကာလတွင် ဤကန့်သတ်ထားသောအချက်များမှ လွတ်မည်ဟု ပုံနှိပ်ထုတ်ဝေသူတို့က ယုံကြည်လျှင် ၄င်းစာပေအမျိုးအစား ထောင်သောင်းချီ၍ ရှိသည်ကို ထုတ်ဝေသူများကလည်း မဆိုင်းမတွ ထုတ်ဝေကြမည်သာ ဖြစ်ပါသည်။

အကယ်၍ စာရေးသူများအနေဖြင့် ရည်ရွယ်ချက်ရှိရှိဖြင့် ပုဒ်မ (၇)ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းရေးသားထားသော အကြောင်းအရာဖြစ်ပါက ပုံနှိပ်ထုတ်ဝေသူများအနေဖြင့် အမိုက်ခံ၍ ထုတ်ဝေကြမည်မဟုတ်ပါ။

ဤသို့ဖြစ်ပါကလည်း စာရေးသူများအနေဖြင့် ပြဿနာမရှိပါ။ ထုတ်ဝေသူလုပ်ငန်းရှင် (၁၀၀၀)ကျော်ရှိသည့်အထဲတွင်မှ သူတို့၏စာကို ထုတ်ဝေသူမရှိပါကလည်း ပြဿနာရှိမည် မဟုတ်ပါ။ ဤဥပဒေအရ ထုတ်ဝေသူ အသိအမှတ်ပြုလက်မှတ်ကို အလွယ်တကူရရှိနိုင်သည်ဖြစ်ရာ ကိုယ်တိုင်ပင် ကိုယ်ရေးသည့် စာအပေါ်တွင် တာဝန်ယူ၍ ထုတ်ဝေနိုင်ပါသည်။

အန္တရာယ်ရှိသောစာကို တမင်ရည်ရွယ်ချက်ရှိရှိဖြင့် ရေးပြီး ထုတ်ဝေသူကို ထုတ်ဝေခိုင်းခြင်းဖြင့် အငှားဗိုက်ဖြင့် ဓားထိုးခံခိုင်းသော လုပ်ရပ်မျိုးကို ထုတ်ဝေသူတို့ လုပ်ကြတော့မည်မဟုတ်ပါ။

ဤသည်တို့ကို ထောက်ရှုခြင်းအားဖြင့် တစ်ဖက်လှည့်ဖြင့် ထိန်းချုပ်ခြင်းသဘောမျိုး အလျှင်းမရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။

အခန်း(၄)

တရားမဝင် ထုတ်ဝေစာအဖြစ် ကြေညာခြင်း ဖြစ်ပါသည်။ အလွန်ရိုးရှင်းလှပသည်။ 'ပုဒ်မ (၇)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သော ထုတ်ဝေစာ'ဟု တိတိကျကျဖော်ပြထားပါသည်။

ပုဒ်မ (၇)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်မှလွဲ၍ အခြားသော မည်သည့်အချက်ကြောင့်မျှ တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာနိုင်ခြင်းမရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ပုဒ်မ(၇)ပါ ပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ (၅) ချက်ရှိသည့်အနက် တစ်ချက်ချင်း လေ့လာကြည့်ပါက ပုံနှိပ်သူနှင့် ထုတ်ဝေသူများအနေဖြင့် ရိုးရှင်းစွာ နည်းလည်နိုင်ကြပြီးမလိုက်နာနိုင်သည့် အကြောင်းအရာများ ပါဝင်ခြင်းမရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

စာမျက်နှာ ၅ သို့

သမ္မတ

သွင်

မင်္ဂလာ (၁)

Top Royal

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပ/၅၉၃၅(TOYOTA Hilux LN 56 P/U (4× 2) ယာဉ်လက်ဝယ်ရှိသူ ဦးယောဟန်ထွန်း ၁၃/မနန(နိုင်) ၀၀၄၈၇၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (တွဲဖက်ပြည်နယ်ရုံး)၊ ကျိုင်းတုံ**

PDF Compressor Pro

ဆောင်းပါး

စာမျက်နှာ ၄ မှ

အခန်း(၅)

အခန်း(၁)ထုတ်ဝေစာများကို ပြည်တွင်းသို့ တင်သွင်းခြင်းနှင့်ပြည်ပသို့ တင်ပို့ခြင်း။

ပုဒ်မခွဲ(၉) ပြည်ပမှထုတ်ဝေစာကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှ ထုတ်ဝေစာများကို ပြည်ပသို့ တင်ပို့ခြင်းတို့ကို ဆောင်ရွက်လိုပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဟု တွေ့ရပါသည်။

ပြည်ပမှထုတ်ဝေစာများတင်သွင်းရာတွင် တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ သွင်းကုန်လိုင်စင် လျှောက်ထားရာတွင် ပြန်ကြားရေးဝန်ကြီးဌာန စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနခွဲ၏ ပြည်ပထုတ်ဝေစာများနှင့် ပတ်သက်၍ ကန့်ကွက်ရန်မရှိကြောင်း ရုံးစာနှင့်ပူးတွဲလျှောက်ထားမှသာ သွင်းကုန်လိုင်စင် လျှောက်ထားခွင့်ပြုခဲ့ပါသည်။

ထို့ပြင် ပြည်ပမှထုတ်ဝေစာများ ဆိပ်ကမ်း၊ သို့မဟုတ် လေဆိပ်သို့ ရောက်ရှိသည့်အခါ အခြားကုန်ပစ္စည်းများကဲ့သို့ အကောက်ခွန်စစ်ဆေးရေးအရာရှိများ စိစစ်ခြင်းသာမက ၁၉၃၁ ခုနှစ်၊ ပုံနှိပ်တိုက်(အရေးပေါ်ဥပဒေများ) အက်ဥပဒေပုဒ်မ(၂၀)အရ မှူခင်းတပ်ဖွဲ့နှင့် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန၏ စိစစ်မှုခံယူပြီးမှသာ ပြည်ပမှတင်သွင်းလာသော ထုတ်ဝေစာများကို ထုတ်ယူခွင့်ရရှိပါသည်။

ယခုအခါ ဤဥပဒေကြမ်း အတည်ပြုပြဋ္ဌာန်းလာပါက ၁၉၃၁ ခုနှစ် ပုံနှိပ်တိုက်(အရေးပေါ်ဥပဒေများ) အက်ဥပဒေပုဒ်မ(၂၀)အရ လေဆိပ်နှင့် စာတိုက်ကြီးတို့မှ အကောက်ခွန်ဌာန၊ မှူခင်းတပ်ဖွဲ့၊ စာပေစိစစ်စသော ပူးပေါင်းအဖွဲ့တို့၏ ပူးပေါင်းရှာဖွေစိစစ်ဆောင်ရွက်သည့် လုပ်ငန်းများ နိဂုံးတံသွားသဖြင့် ပြည်ပမှထုတ်ဝေစာ၊ စာအုပ်၊ သတင်းစာတင်သွင်းသူများသည် တည်ဆဲသွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန်ဦးစီးဌာနတွင် ဆောင်ရွက်ပြီးပါက လွယ်ကူစွာ ပစ္စည်းထုတ်ယူခွင့်ရရှိမည်ဖြစ်ပြီး ဤဥပဒေအရ ပြည်ပမှထုတ်ဝေစာ၊ စာအုပ်၊ သတင်းစာ တင်သွင်းသူသည် တင်သွင်းသော ထုတ်ဝေစာနှင့် ပတ်သက်၍ခေါင်းစဉ်၊ အမျိုးအစားနှင့်အရေအတွက်စာရင်းကိုသာ သတ်မှတ်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံပေးပို့ရန်သာ လိုအပ်မည်ဖြစ်ပါသည်။

အခန်း(၆)

တားမြစ်ချက်များဖြစ်ပါသည်။ ပုဒ်မ(၁၆)အရ 'မည်သူမဆို သက်ဆိုင်ရာ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ' ဟု ရှင်းလင်းစွာ ဖော်ပြထားပါသည်။

ပုံနှိပ်သူနှင့်ထုတ်ဝေသူများအနေဖြင့် ပုဒ်မ(၃)အရ မလွဲမသွေမှတ်ပုံတင်ထားကြသူများဖြစ်ရာ ဤအချက်နှင့် ပတ်သက်၍ စိုးစဉ်းမျှ ပူပန်စရာ မလိုသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ပုဒ်မ (၁၇) မည်သူမျှ ပုဒ်မ(၈)အရ 'တရားမဝင် ထုတ်ဝေစာအဖြစ် ကြေညာထားသည့် ထုတ်ဝေစာများကို ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း (သို့မဟုတ်) ရောင်းချခြင်း မပြုရ' ဟု ပြဋ္ဌာန်းထားပါသည်။ ဤအချက်သည် အလွန်အရေးကြီးပါသည်။ တားမြစ်ချက် အခန်းကဏ္ဍဖြစ်သည့်အားလျော်စွာ ပုဒ်မ၏ဆိုလိုရင်းကို ရှင်းလင်းစွာသိရှိရန်လိုပါသည်။

အခန်း(၄) တရားမဝင် ထုတ်ဝေစာအဖြစ် ကြေညာခြင်းအပိုင်းနှင့် ဆက်စပ် ရှင်းလင်းဖော်ပြပါမည်။ တရားမဝင် ထုတ်ဝေစာအဖြစ် ကြေညာခြင်းခံရသည့် ထုတ်ဝေစာများနှင့်ပတ်သက်၍ ကြေညာခြင်းမခံရသော်လည်း မည်သည့် အရေးယူမှုကိုမျှ ဖော်ပြထားခြင်းမရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ပုံနှိပ်သူသော်လည်းကောင်း၊ ထုတ်ဝေသူသော်လည်းကောင်း မသိ၍ဖြစ်စေ၊ မှားယွင်း၍ဖြစ်စေ၊ တစ်ကြိမ်တစ်ခါ ပုံနှိပ်မိ၊ ထုတ်ဝေမိရုံမျှဖြင့် မည်သည့်အရေးယူမှုမျှ ခံရမည်မဟုတ်ချေ။ ၎င်းစာအုပ်များကို ဆက်လက်ဖြန့်ဝေခြင်းမပြုရုံမျှဖြင့် ပြီးသွားမည်ဖြစ်ပါသည်။ ထိုသို့ တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာထားခြင်း ခံရသည့် ထုတ်ဝေစာများကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ထပ်မံ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း၊ ရောင်းချခြင်းပြုမှသာ အရေးယူခံရမည်ဖြစ်ပါသည်။ မရိုးမသား မလုပ်သမျှ လုံးဝအရေးယူခံရခြင်းမရှိနိုင်ပါ။ ပုဒ်မ (၁၈) 'မည်သူမျှ ပုဒ်မ (၁၁)ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ'ဟု ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ (၁၁)တွင်ထုတ်ဝေစာကို

(က) ပြည်ပမှတင်သွင်းသူသည် တင်သွင်းသော ထုတ်ဝေစာနှင့်ပတ်သက်၍ ခေါင်းစဉ်အမျိုးအစားနှင့် အရေအတွက်စာရင်းကို သတ်မှတ်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

(ခ) ပြည်တွင်း၌ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါက ပုံနှိပ်သူသည် ၎င်းပုံနှိပ်သော မည်သည့်ထုတ်ဝေစာကိုမဆို မှတ်ပုံတင်စာရင်း ရေးသွင်းခြင်းနှင့် မူပိုင်ခွင့်လုပ်ငန်းများဆောင်ရွက်နိုင်ရန်သတ်မှတ်အရေအတွက်အတိုင်း မှတ်ပုံတင်အရာရှိထံ အဖိုးအခလွတ် ပေးပို့ရမည်' ဟု(၂)ပိုဒ်ခွဲ၍ ပြဋ္ဌာန်းထားပါသည်။

အပိုဒ် (က)ကရှင်းသည်။ ပြည်ပမှတင်သွင်းလာသော စာအုပ်စာတမ်းများကို တင်သွင်းလာသော ခေါင်းစဉ်အမျိုးအစားနှင့် အရေအတွက်ကို သတ်မှတ်ပုံစံဖြည့်သွင်းပြီး မှတ်ပုံတင်အရာရှိထံ စာရင်းပို့ရုံမျှသာဖြစ်ပြီး စာအုပ်စာတမ်းများကို ပေးအပ်တင်ပြရန် လုံးဝမလိုအပ်ကြောင်း အတိအလင်းပြဋ္ဌာန်းထားပါသည်။

အပိုဒ်(ခ)တွင် ပြည်တွင်း၌ ပုံနှိပ်ထုတ်ဝေသောစာအုပ်များအတွက် ပြဋ္ဌာန်းချက်ဖြစ်ပါသည်။ ယခင်တင်ထုတ်ကာလ၊ နောက်ထုတ်တင်ကာလ၊ ယခုထုတ်ချင်သလို ထုတ်ကာလများအတွက် လိုအပ်၍ပေးသွင်းရသော စာအုပ်စာတမ်းများသာဖြစ်ပါသည်။ မူပိုင်ခွင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ အမျိုးသားစာပေဆုရွေးချယ်ရေးကိစ္စများ ဆောင်ရွက်နိုင်ရန် စသည်တို့အတွက် ကောင်းမွန်သော ရည်ရွယ်ချက်ဖြင့် ယခင်ကလုပ်ခဲ့သော ထုံးတမ်းစဉ်လာအတိုင်းသာဖြစ်ရာ ပုံနှိပ်သူနှင့်ထုတ်ဝေသူများအတွက် ခက်ခဲသော အရာမဟုတ်သည်ကို သိရှိနိုင်ပါသည်။ ဥပဒေပြဋ္ဌာန်းပြီးနောက် ထွက်ပေါ်လာမည့် နည်းဥပဒေတွင် သတ်မှတ်အရေအတွက်ဆိုသည်နှင့်ပတ်သက်၍ တိကျစွာဖော်ပြထားမည်သာဖြစ်ပါသည်။

ပုဒ်မ(၁၉)'မည်သူမျှ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုလုပ်ထားစဉ်ကာလအတွင်း ထုတ်ဝေစာတစ်ခုခုကို ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ'ဟု ပြဋ္ဌာန်းထားရာ အလွန်ရိုးရှင်းသိလွယ်သော ဥပဒေပြဋ္ဌာန်းချက်သာဖြစ်ပါသည်။ ဆိုလိုသည်မှာ ပုဒ်မ(၅)ဖြင့် ငြိစွန်းခြင်းကြောင့် လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ကို ရုပ်သိမ်းခံထားရသူ၊ သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခံထားရသူအနေဖြင့် ထိုကာလတွင် လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ရှိမည်မဟုတ်ရာ လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ထားခြင်းသာဖြစ်ပါသည်။ မှန်ကန်ရိုးသားစွာ လုပ်ကိုင်နေသူဖြစ်ပါက ဘာမျှဂရုစိုက်ရန်မလိုသော ပြဋ္ဌာန်းချက်သာဖြစ်ပါသည်။

ယခု ဖော်ပြခဲ့သော အခန်း(၆) တားမြစ်ချက်များ၊ ပုဒ်မ(၁၆)မှ ပုဒ်မ (၂) အထိ ပြဋ္ဌာန်းချက်များသည် ပုံနှိပ်သူနှင့် ထုတ်ဝေသူတို့အား လုပ်ဆောင်ခြင်း မပြုရန် တားမြစ်ချက်များဖြစ်ပါသည်။ ဤတားမြစ်ချက်များကို လိုက်နာဆောင်ရွက်နေသမျှ ကာလပတ်လုံး ပုံနှိပ်သူနှင့် ထုတ်ဝေသူတို့သည် ဥပဒေ၏ အရေးယူခံရခြင်း လုံးဝမဖြစ်နိုင်ပါ။ နေသာသပ လေညာကသာ ဖြစ်ပါသည်။

အခန်း(၇)

ပြစ်မှုနှင့် ပြစ်ဒဏ်များအခန်းဖြစ်ပါသည်။ အခန်း(၆)ပါ တားမြစ်ချက်များကို လိုက်နာခြင်းမရှိပါက ဤအခန်း(၇)ဖြင့် ပြစ်ဒဏ်များ ချမှတ်မည့် အစီအစဉ်ဖြစ်ပါသည်။

ဥပဒေဆိုသည်မှာ အဓိကအချက်အဖြစ် ၂ ချက်သာရှိပါသည်။ ဆောင်ရန်နှင့် ရှောင်ရန်သာ ဖြစ်ပါသည်။ လုပ်ရန်နှင့် မလုပ်ရန်သာဖြစ်ပါသည်။

လုပ်ရန်ကို လိုက်နာလုပ်ကိုင်ဆောင်ရွက်ပြီး မလုပ်ရန်ကို ရှောင်ကြဉ်မလုပ်ကိုင်ပါက ဥပဒေ၏ပြစ်ဒဏ်ကို မည်သို့မှ ခံယူရန်အကြောင်းမရှိချေ။ ဤသည်ကို နားလည်သဘောပေါက်ပါက မည်သည့်ဥပဒေလာလာ မည်မျှပြစ်ဒဏ်ကြီးကြီး ဘာကိုမျှ အလေးမူဂရုစိုက်ရန် လိုမည်မဟုတ်ပါ။

ပုဒ်မ (၂၀) 'မည်သူမဆို ပုဒ်မ (၁၆)နှင့် (၁၉)ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို ငွေဒဏ်ကျပ်ငါးဆယ်သိန်းမှ ကျပ်တစ်ရာသိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ်(၆)လ အထိ ချမှတ်ရမည်' ဟု ပြဋ္ဌာန်းထားပါသည်။

ဤပြဋ္ဌာန်းချက်နှင့်ပတ်သက်၍ အချို့က မြန်မာပြည်တွင် ဈေးအကြီးဆုံး ဥပဒေဟုလည်းကောင်း၊ အချို့ကဒီလောက်များတဲ့ ဒဏ်ငွေမဆောင်နိုင်ဘူးဟုလည်းကောင်းဆိုပါသည်။ ဥပဒေ၏ ရည်ရွယ်ရင်းဆိုလိုချက်ကို မသိကြသူများဖြစ်၍ ဖြစ်ပါသည်။ ပြစ်ဒဏ်ချမှတ်မည်ဆိုရာ၌ ပြစ်မှုကျူးလွန်သူအနေဖြင့် ကျူးလွန်ချင်စိတ်မဖြစ်အောင် ဟန့်တားနိုင်သော ထိရောက်သော ပြစ်ဒဏ်ဖြစ်ရန်လိုပါသည်။ အကယ်၍ လူသတ်မှုအတွက် ငွေဒဏ်တစ်ရာသိန်းသာ သတ်မှတ်မည်ဆိုပါက ငွေသိန်းတစ်ရာ ဒဏ်ဆောင်၍ လူသတ်လိုမည့်သူများ အများကြီးရှိလာပါလိမ့်မည်။ လူသတ်မှုအတွက် ပြစ်ဒဏ်သည် သိန်း ၂၀၀ ဟု သတ်မှတ်ပါကလည်း သိန်း ၂၀၀ ပေး၍ လူသတ်လိုသည့် ပုဂ္ဂိုလ်များ အများကြီးရှိပါလိမ့်မည်။ သိန်း ၂၀၀ ပဲပေးရတာ သတ်မယ်ကွာဟု ပြောကြပါလိမ့်မည်။ သို့ဖြစ်ရာ ဤပြစ်ဒဏ်ပြဋ္ဌာန်းချက်သည် မြန်မာပြည်တွင် ဈေးအကြီးဆုံး ဥပဒေဟု ဆိုနိုင်ပါမည်လော။ စာရေးဆရာတစ်ယောက်ဖြစ်၍ သူရေးသည့်စာအတွက် ဤမျှဒဏ်ငွေ မဆောင်နိုင်ကြောင်း ပွင့်လင်းစွာ ပြောခြင်းဖြစ်မည် ထင်ပါသည်။

သတင်းမီဒီယာသမားတစ်ယောက်ကိုမျှ ရည်ရွယ်ရင်း မရှိသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ ဤဥပဒေပုဒ်မ(၃)အရ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ရိုးသားမှန်ကန်စွာ လျှောက်ထားခဲ့ပြီး ပုဒ်မ(၄)အရ မှတ်ပုံတင်အရာရှိက လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းခံရသူများအနေဖြင့် ပုဒ်မ (၁၆) နှင့် ပုဒ်မ(၁၉)တို့ကို လုံးဝဖောက်ဖျက်ကျူးလွန်ရန် အကြောင်းမရှိသည်ဖြစ်ရာ ဒဏ်ငွေသည် သိန်းတစ်ရာမဟုတ်ဘဲ သိန်းတစ်ထောင်ပင် ဖြစ်နေစေကာမူ ပုံနှိပ်သူနှင့် ထုတ်ဝေသူတို့အနေဖြင့် လုံးဝကြောက်ရန် မလိုသော ဒဏ်ငွေ ဖော်ပြချက်မျှသာ ဖြစ်ပါသည်။ အသံကြားရုံဖြင့် ကြောက်ရန်မလိုဘဲ အမှန်တရားကိုသိရန် ကြိုးစားဖို့ လိုမည်ဖြစ်ပါသည်။

ပုဒ်မ(၂)သည်လည်း ပုဒ်မ ၂၀ က သဘောတရားအတိုင်းဖြစ်ပါသည်။ ပုဒ်မ(၂)တွင် ပုဒ်မ(၁၇)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းမခံရလျှင် ထိုသူကို ဒဏ်ငွေ ကျပ်တစ်ဆယ်သိန်းမှ ကျပ်ငါးဆယ်သိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ်(၃)လအထိ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ(၁၇)ဟု ညွှန်းဆိုထားသဖြင့် ပုဒ်မ (၁၇)ကိုပြန်ကြည့်လျှင် တရားမဝင်ထုတ်ဝေစာနှင့်ပတ်သက်သည့်ကိစ္စဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပုဒ်မ(၁၇)ကို ရှင်းပြခဲ့စဉ်ကပင် ပထမအကြိမ် မတော်တဆမှားယွင်း၍ ရိုက်နှိပ်ထုတ်ဝေခဲ့လျှင် မည်သည့်ပြစ်ဒဏ်ကိုမျှ ကျခံစေမည်မဟုတ်ဘဲ တရားမဝင်ထုတ်ဝေစာအဖြစ်သာ ကြေညာမည်ဖြစ်ကြောင်း သိရှိကြပြီးဖြစ်ပါသည်။ ထိုသို့သော တရားမဝင်စာအဖြစ် ကြေညာထားသည့်ထုတ်ဝေစာများကိုပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ထပ်မံ၍ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် ရောင်းချခြင်းပြုမှသာ ဥပဒေပုဒ်မကို ဖောက်ဖျက်ရာရောက်မည်ဖြစ်ရာ ရိုးသားမှန်ကန်စွာ လုပ်ကိုင်ဆောင်သော ပုံနှိပ်သူနှင့်ထုတ်ဝေသူတို့အတွက် မည်သို့မျှ စိုးရိမ်ပူပန်စရာမရှိသော ပြစ်ဒဏ်မျှသာဖြစ်ပါသည်။

ပုဒ်မ (၂၂)တွင် မည်သူမဆို ပုဒ်မ(၁၈)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ်တစ်သိန်းမှ ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ်(၇)ရက်အထိ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားရာ ပုဒ်မ(၁၈)တွင် ပြဋ္ဌာန်းထားချက်ဖြစ်သော ပုဒ်မ(၁၁)ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်မှု ဤပြစ်ဒဏ်ကျခံရမည်ဖြစ်ရာ လိုက်နာရန် အခက်အခဲ မရှိသော ပုဒ်မ(၁၁)ပါ ပြဋ္ဌာန်းချက်ကြောင့် ဤပြစ်ဒဏ်ကိုလည်း စိုးစိမ့်ကြောက်လန့်ရန် မလိုပေ။

နောက်ဆုံးရ သတင်းအဖြစ် ယခုဖော်ပြခဲ့သော ပြစ်မှုနှင့်ပြစ်ဒဏ်အပိုင်း ပုဒ်မ(၂၀)၊ (၂၁)နှင့်(၂၂)တို့တွင် ပြဋ္ဌာန်းထားသော ဒဏ်ငွေမဆောင်ပါက ကျခံရမည့် ထောင်ဒဏ်အားလုံးကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ ပယ်ဖျက်လိုက်ပြီး ငွေဒဏ်သာ ကျန်ရှိတော့ကြောင်း အသိပေးတင်ပြပါသည်။

အခန်း(၈)

အထွေထွေဖြစ်ပါသည်။ ပုဒ်မ ၂၃ ဖြင့် 'ဝန်ကြီးသည် ဤဥပဒေအရ တာဝန်ဝတ္တရားများဆောင်ရွက်ရန်အလို့ငှာ မှတ်ပုံတင်ဌာနကို ဖွဲ့စည်းပြီး မှတ်ပုံတင်အရာရှိကိုလည်းကောင်း လိုအပ်သောအရာထမ်း အမှုထမ်းများကိုလည်းကောင်း ခန့်အပ်ခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်းပြုနိုင်သည်' ဟု ပြဋ္ဌာန်းထားပါသည်။

ပုဒ်မ (၃)အရ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းလုပ်ကိုင်ရန် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားသူတို့အတွက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရန်အတွက် လိုအပ်သောမှတ်ပုံတင်ဌာနကို ဖွဲ့စည်းစေခြင်းသာဖြစ်ပါသည်။ လိုအပ်သော ပြဋ္ဌာန်းချက်ဖြစ်ပါသည်။ ထိုဌာန၏ လုပ်ငန်းမှာ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေး၊ တရားမဝင်ထုတ်ဝေစာများကို စိစစ်ကြေညာခြင်း၊ ပြည်ပထုတ်ဝေစာများကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှ ထုတ်ဝေစာများကို ပြည်ပသို့တင်ပို့ခြင်းတို့ကို စိစစ်ဆောင်ရွက်ခြင်းတို့ကို အဓိကထားဆောင်ရွက်မည်ကို တွေ့ရှိရပါသည်။ စာနယ်ဇင်းသမားများ စိုးရိမ်နေသည့် လွတ်လပ်စွာရေးသားခြင်းကို ထိန်းချုပ်မည့်သဘောတရားလုပ်ငန်းများ လုံးဝ မပါရှိသည်ကို တွေ့ရှိရပါမည်။

ပုဒ်မ-၂၄(က)နှင့်(ခ)တို့သည် တားမြစ်ချက်များမဟုတ်ဘဲ လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေနိုင်သည်တို့ကို ဖော်ပြခြင်းဖြစ်ပြီး ၎င်းကိစ္စရပ်များကို လွတ်လွတ်လပ်လပ်ဆောင်ရွက်နိုင်သည်ကိုသာ ဖော်ပြထားခြင်းဖြစ်ပါသည်။

ပုဒ်မ-၂၅၊ ၂၆၊ ၂၇၊ ၂၈ တို့သည် ဤဥပဒေပြဋ္ဌာန်းလိုက်ပါက ဖြစ်ပေါ်လာမည့် ဥပဒေမူသဘောမျှသာဖြစ်ပြီး ယခင်က ကျင့်သုံးခဲ့သည့် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေနှင့် The Press(Emergency Power) Act တို့ကို ရုပ်သိမ်းခြင်းနှင့် စပ်ဆိုင်သော ပြဋ္ဌာန်းချက်များသာဖြစ်ပါသည်။ ဥပဒေ၏မူသဘောမျှသာဖြစ်ပြီး မည်သည့်ဆိုးကျိုးမျှမရှိသော ဥပဒေအရ လိုအပ်သည့် ပြဋ္ဌာန်းချက်မျှသာ ဖြစ်ပါသည်။

အထက်ပါ တွေ့ရှိချက်များကို လေ့လာကြည့်မည်ဆိုပါက ပုံနှိပ်သူနှင့် ထုတ်ဝေသူများအတွက် လိုအပ်သော ဥပဒေကြမ်းတစ်ခုဖြစ်နေသည်ကို တွေ့ရှိရပါသည်။ စာနယ်ဇင်းမီဒီယာများရေးသားသော ၆၂ ဥပဒေကို အသွင်ပြောင်းထားခြင်း၊ လွတ်လပ်စွာရေးသားခွင့်ကို အညာမှကိုင်၍ ချုပ်ကိုင်ထားခြင်းစသောအချက်အလက်များကို မတွေ့ရှိရပါ။ မိမိနိုင်ငံနှင့်မိမိလူမျိုးအတွက် ကန့်သတ်ထားသော အချက်အချို့မှတစ်ပါး ပုံနှိပ်သူနှင့် ထုတ်ဝေသူများ စိတ်ချမ်းသာစွာ၊ လွတ်လပ်စွာဆောင်ရွက်နိုင်မည့် ဥပဒေဖြစ်ကြောင်း တွေ့ရှိရပါသည်။ စာနယ်ဇင်းလောကသားများ၊ ပုံနှိပ်သူများ၊ ထုတ်ဝေသူများအပါအဝင် ပြည်သူလူထုမှ မှန်မှန်ကန်ကန်သုံးသပ်နိုင်ရန် ယခုဆောင်းပါးအား ရေးသားတင်ပြခြင်းသာဖြစ်ပါသည်။ ။

PDF Compressor Pro

ပြည်တွင်းသတင်း

မွေး/ရေ ပြည်ထောင်စုဝန်ကြီးအား နိပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ကိုယ်စားလှယ်အဖွဲ့ တွေ့

နေပြည်တော် မတ် ၁၃

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဂျပန်နိုင်ငံအစိုးရ၏ အထူးသံတမန်နှင့် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ကိုယ်စားလှယ် Mr. Yohei Sasakawa ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့နံနက် ၈ နာရီတွင် အဆိုပါဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ရှင်းလင်းပြောကြား

ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ထာဝရငြိမ်းချမ်းရေးရရှိနိုင်ရေးအတွက် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်နေသည့် အခြေအနေများ၊ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေသောဒေသများရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုဘဝပြန်လည်ထူထောင်ရေး၊ ရေရှည်ရပ်တည်နိုင်ရေး၊ ပြန်လည်နေရာချထားရေးအတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာ အကူအညီပေးရေး ဆောင်ရွက်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က လူသားချင်းစာနာထောက်ထားသော အကူအညီများပေးအပ်ရေးတွင် စီမံချက်ရေးဆွဲကာ ပိုမိုဆောင်ရွက်ပေးမည့် အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓာတ်အားပြတ်တောက်မှုဖြစ်ပါက နေ့/ည ချက်ချင်းပြုပြင် ဓာတ်အားအမြန်ဆုံး ပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး အလေးထားဆောင်ရွက်

ရန်ကုန် မတ် ၁၃

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မတ် ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် အလုံဓာတ်အားပေးစက်ရုံဝင်း အတွင်း မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းနှင့် TOYO THAI Co., Ltd. တို့မှ အသစ်တပ်ဆင်တည်ဆောက်လျက်ရှိသော ၁၂၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ တည်ဆောက်နေမှု လုပ်ငန်းခွင်သို့ရောက်ရှိပြီး စက်တပ်ဆင် တည်ဆောက်နေမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေး၍ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ဓာတ်ငွေ့ပိုမိုရရှိသဖြင့် ပြည်သူလူထုအား ညပိုင်းတွင် ဓာတ်အားပြတ်တောက်မှုမရှိအောင် ဖြန့်ဖြူးပေးထားကြောင်း၊ ဓာတ်အားပြတ်တောက်မှုဖြစ်ပါက နေ့/ည ချက်ချင်းပြုပြင်၍ ဓာတ်အားအမြန်ဆုံး ပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး အလေးထားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်တောက်ရသည့် အကြောင်းရင်းအား ပြည်သူလူထုသိအောင် ရှင်းလင်းပြောကြား ရန်လိုအပ်ကြောင်း၊ လက်ရှိတွင် လိုအပ်သော ဓာတ်အားကို သဘာဝဓာတ်ငွေ့ ဓာတ်အားပေးစက်များနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်များ ဟန်ချက်ညီမောင်းနှင်ထုတ်လုပ်ပေးနေပြီး လိုအပ်လာပါက ရေအားလျှပ်စစ် ဓာတ်အားပေးစက်များမှ ဓာတ်အားတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စက်များကြံ့ခိုင်ကောင်းမွန်အောင်နှင့် စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ပြီး လာမည့် နွေရာသီကာလတွင် ပြည်သူလူထုအား စဉ်ဆက်မပြတ် ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး စီမံချက်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကြိုတင်ပြင်ဆင်ထားရန် ဖြစ်ကြောင်း မှာကြားခဲ့သည်။

အကောင်အထည်ဖော်

အဆိုပါ အလုံဓာတ်အားပေးစက်ရုံဝင်းအတွင်း အသစ်တည်ဆောက်လျက်ရှိသော ၁၂၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံအသစ်မှ အမှတ်(၁) စက်သည် ၂၀၁၃ ခုနှစ် မတ်၃၁ ရက်တွင် လျှပ်စစ်ဓာတ်အား (၄၁ ဒသမ ၅) မဂ္ဂါဝပ်ကို လည်းကောင်း၊ အမှတ်(၂) စက်သည် ၂၀၁၃ ခုနှစ် ဧပြီ ၃၀ ရက်တွင် (၄၁ ဒသမ ၅) မဂ္ဂါဝပ်ကို လည်းကောင်း ဓာတ်အားစနစ်အတွင်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး စီမံကိန်းတစ်ခုလုံးပြီးစီးပါက ဓာတ်အား ၁၂၀ မဂ္ဂါဝပ်အား ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထို့အတူ ပြည်သူလူထုဓာတ်အားလိုအပ်ချက်အား ဖြည့်ဆည်းနိုင်ရန်အတွက် ရွာမတွင် ၂၄၀ မဂ္ဂါဝပ်၊ ရွာမ၊ လှော်ကား၊ သာကေတတို့တွင် ၅၀ မဂ္ဂါဝပ်စီထွက်ရှိသော သဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများကို အကောင်အထည်ဖော် တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ်များအား ဧပြီ(၁)ရက်မှစ၍ စစ်ဆေးအရေးယူမည်

နေပြည်တော် မတ် ၁၃

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်နှုန်းထက် ပို၍ မောင်းနှင်သောယာဉ်များအား သတ်မှတ်ထားသော အမြန်နှုန်းအတွင်း ထိန်းချုပ်မောင်းနှင်စေရေးအတွက် အရှိန်ထိန်းတိုင်းကိရိယာ Redflex Traffic Systems (Myanmar Mobile Traffic Radar System) အသုံးပြုပြီး ဧပြီ ၁ ရက်မှစ၍ စစ်ဆေးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မန္တလေး-မူဆယ်လမ်းကြောင်း အကောက်ခွန်မဲ့ပစ္စည်း တန်ဖိုးငွေကျပ် ၃၄၂ သိန်းကျော် တားဆီးနိုင်ခဲ့

နောင်ချို မတ် ၁၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်သို့ ရောက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော စားသုံးသူကာကွယ်ရေးနှင့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး(Mobile Team)အဖွဲ့သည် နောင်ချိုမြို့ အရှေ့ဘက် မန္တလေး-လားရှိုး ကားလမ်း တိုးဂိတ်အနီး ယာယီအခြေပြုလျက် ကုန်တင်ယာဉ်၊ ခရီးသည်တင်မှန်လုံ၊ ခရီးသည်ယာဉ်ငယ်များအား စစ်ဆေးခြင်းများဆောင်ရွက်ကြသည်။ နယ်မြေသတင်းများအရ အရေးပေါ်အင်အား ထုတ်နုတ်ကာ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုများကို တားဆီးထိန်းချုပ်ခြင်း ဆောင်ရွက်ကြရာ အမှုတွဲပေါင်း ၇၂ တွဲနှင့် တရားမဝင် အကောက်ခွန်မဲ့ ပစ္စည်းအမျိုးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၂၀ သိန်းကျော် သိမ်းဆည်းရမိခဲ့သည်။ ယခုအခါ တရားမဝင်အကောက်ခွန်မဲ့ ပစ္စည်းများအား ခရီးသည်တင်မှန်လုံ၊ ခရီးသည်တင် ဟိုင်းလတ်ဗင်ကားများမှ ခရီးသည်များနှင့်အတူ တင်ဆောင်လာခဲ့ကြရာ တာဝန်ရှိသူ (Mobile Team) အဖွဲ့က စစ်ဆေးရာတွင် ခရီးသွားကြသူများ ကြန့်ကြာရကြောင်း သိရသည်။ **(စိုးဝင်း)**

အိမ်ကွင်း၌ ရောဝတီရှုံးပွဲကြုံတွေ့၊ ရန်ကုန်အသင်းအဝေးကွင်း၌ ဂိုးပြတ်နိုင်

ရန်ကုန် မတ် ၁၃

AFC CUP ဘောလုံးပြိုင်ပွဲ အုပ်စု(G)၏ ဒုတိယပွဲစဉ်ဖြစ်သည့် ဧရာဝတီယူနိုက်တက် (မြန်မာ)နှင့် ကီလန်တန် (မလေးရှား) တို့သည် ယနေ့ညနေ ၅နာရီက သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားရာ ကီလန်တန်အသင်းက အနိုင်ရရှိသွားသည်။

ကီလန်တန်	-	**သုံးဂိုး**
ဧရာဝတီ	-	**တစ်ဂိုး**

ဧရာဝတီအသင်းကတော့ အိမ်ကွင်း၌ရှုံးပွဲကြုံတွေ့ပြီး အုပ်စုတက်ရေး မျှော်လင့်ချက် ဝေဝါးသွားရပြီဖြစ်သည်။ ဧရာဝတီအသင်းမှာ အမာခံကစားသမား အချို့ဒဏ်ရာပြဿနာနှင့် ကြုံတွေ့နေရသောကြောင့် လူမစုံခဲ့ဘဲ ယခုပွဲတွင် ပုံမှန်ခြေစွမ်းပျောက်ဆုံးကာ ခြေပြတ်ဂိုးပြတ် ရှုံးနိမ့်သွားရခြင်းဖြစ်သည်။ ပွဲအစနှစ်မိနစ်မှာပင် ဘာဟာရီက ကီလန်တန်အတွက် ဂိုးစတင်သွင်းယူခဲ့ပြီး အိမ်ရှင်ဧရာဝတီကို ဖိအားပေးကစားနိုင်ခဲ့သည်။ တိုက်စစ်မှူး ပီထရာတိုစ်က ၅၄ မိနစ်နှင့် မိနစ် ၈၀ တွင် ကီလန်တန်အတွက် ဂိုးများ ထပ်မံသွင်းယူခဲ့ပြီး ဧရာဝတီအတွက် ချေပဂိုးကို ၇၉မိနစ်တွင် နိုမီနစ်က ဖရီးကစ်မှတစ်ဆင့် သွင်းယူခဲ့သည်။

မတ် ၁၂ ရက်က ဟောင်ကောင်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ဆန်ဟိုင်း(ဟောင်ကောင်)နှင့် ရန်ကုန်ယူနိုက်တက်(မြန်မာ)တို့ပွဲတွင် ရန်ကုန်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ရန်ကုန်အတွက် ဂိုးများကို နှစ်မိနစ်တွင် ကိုနေအဒမ်မာ၊ ၅၃ မိနစ်တွင် ဆီဇာနှင့် ၉၇ မိနစ်တွင် အောင်မိုးတို့က သွင်းယူပေးခဲ့သည်။ ရန်ကုန်အသင်းသည် နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်ရရှိထားသည်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်

ကီလန်တန်အသင်းနှင့်ဧရာဝတီအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားစဉ်။

မော်လူးဘူတာနှင့် နန့်စီးအောင်ဘူတာကြား ရထားဘီးချော်

အင်းတော် မတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဘူတာနှင့် နန့်စီးအောင်ဘူတာကြားတွင် မတ် ၁၁ ရက် ည ၁၁ နာရီခွဲက ရထားဘီးချော်ကျခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်ခေါင်းမောင်း ဦးကျော်ဝင်းအောင်၊ ရထားထိန်း ဦးလှစိုးတို့ မောင်းနှင်လာသော အမှတ်(၃၇) အဆန်ရထားသည် မိုင်တိုင်အမှတ် 609-7,9 ကြား အရောက် ဘီးချော်ကျခဲ့ရာ ရထားပေါ်ပါ ခရီးသည် တစ်ဦးမျှ ထိခိုက်ဒဏ်ရာ ရရှိမှု မရှိကြောင်း သိရသည်။

ယင်း လမ်းပိုင်းပွင့်နိုင်ရေးကို မတ် ၁၂ ရက် နံနက် ၇ နာရီခွဲတွင် ကောလင်းဒုကြီးကြပ်ရေးမှူး ဦးညွန့်ဖေ အနီးကပ်ကြီးကြပ်၍ မိုးညှင်း AME အဖွဲ့မှ ၁၀ ဦး၊ နဘား-မော်လူးအဖွဲ့မှ ၁၀ ဦးနှင့် တပ်ရင်းမှူးဦးစီးတပ်မတော်သားများသည် ရထားလုံခြုံရေးအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၃၃ အိပ်စင်ရထားနှင့် (၅၅) အဆန် အထူးအမြန်ရထားကို မော်လူးဘူတာတွင်လည်းကောင်း၊ (၃၉) ရွှေဘိုအဆန်ရထားကို ပင်ဝဲဘူတာ၌ လည်းကောင်း ရပ်နားထားပြီး (၅၇) အဆန်ရထားနှင့် (၄၁)အဆန်ရထားကို နဘားဘူတာတွင် ရပ်နားထားကြောင်း သိရသည်။ ရထားလမ်းပိုင်း အမြန်ပြန်ဖွင့် နိုင်ရေး မီးရထားဝန်ထမ်းများက ကြိုးပမ်းစွမ်းဆောင်လျက်ရှိကြောင်း သိရသည်။ **(၁၇၁)**

တရားမဝင်ကုန်ပစ္စည်းတင်ယာဉ် ဖမ်းဆီး

ဝေါ မတ် ၁၃

မြဝတီ-ရန်ကုန် ကုန်သွယ်ရေးလမ်းကြောင်းတွင် ပြေးဆွဲနေသော မှန်လုံမော်တော်ယာဉ်များ၊ ဟိုင်းလတ်ကားများသည် ခရီးသည်များကို တင်ဆောင်ရမည့်အစား ကုန်ပစ္စည်းများကိုသာ တင်ဆောင်နေကြသဖြင့် ခရီးသွားပြည်သူများ အခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။ မတ် ၁၁ ရက်က ဘားအံမှ ရန်ကုန်သို့ ထွက်ခွာလာသည့် ယာဉ်မောင်းသန်းအောင် မောင်းနှင် လာသော လ/. . ဟိုင်းလတ်အမျိုးအစားကားကို ညောင်ခါးရှည်-ဒိုက်ဦးသွား မဟာဗျူဟာလမ်းဆုံတွင် တာဝန်ထမ်းဆောင်နေသည့် (Mobile Team) အဖွဲ့ (၂) မှ တာဝန်ရှိသူများက စစ်ဆေးရာ တရားမဝင် ကုန်ပစ္စည်းများ တင်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိရသောကြောင့် အကောက်ခွန်ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အဆိုပါ လ/. . . ဟိုင်းလတ်ကားသည် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ တရားဝင် ခွင့်ပြုထားခြင်း မရှိဘဲ မော်တော်ယာဉ်အမိုးပေါ်တွင် ကိုယ်ထည်နှစ်ထပ် အခိုင်အမာပြုလုပ်၍ တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်နေကြောင်း တွေ့ရှိရသည်။ **(ဝဲပုံ)**
(ဝေါဝင်းမောင်)

အမြို့မြို့အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်း တွင် ကြော်ငြာပါ

အထက (၂)လှိုင်ကော်၊ အာစရိယပူဇော်ပွဲ

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ အထက(၂)ကျောင်းသား ကျောင်းသူဟောင်းများ(အားလုံး)၏ ကျေးဇူးရှင် ဆရာ ဆရာမများအား အာစရိယပူဇော်ပွဲကို ၂၀၁၃ ခုနှစ် မေ ၁၉ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် နေရာဒေသအသီးသီးတွင် ရောက်ရှိနေကြသော ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေများကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံသို့ ဆက်သွယ်ထည့်ဝင်လှူဒါန်းနိုင်ပါရန် ဖိတ်ကြားနှိုးဆော်အပ်ပါသည်။

ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ
လွိုင်ကော်မြို့

နေပြည်တော် ဦးဇော်မျိုး ဖုန်း-၀၉-၄၂၀၇၃၇၇၃၃၊ ရေကြည်မြို့ ဒေါက်တာသောင်းဒန်ဦး ဖုန်း-၀၉-၄၅၁၂၃၀၅၂၀၊ ရန်ကုန် ဒေါ်မြမြသန်း ဖုန်း-၀၉-၇၃၀၂၄၃၀၈၊ ဒေါ်အေးအေးမြင့် ဖုန်း-၀၉-၈၆၄၀၀၀၀၊ တောင်ကြီးမြို့ ကိုဆူရီ ဖုန်း-၀၉-၄၉၄၀၀၀၉၀၊ မူဆယ်မြို့ ဒေါ်အေးအေးခိုင် ဖုန်း-၀၉-၄၁၀၀၁၆၁၂၊ လွိုင်ကော်မြို့ ဦးဒီးဒီ ဖုန်း-၀၉-၄၂၈၀၀၄၈၄၉၊ မန္တလေး ဦးကိုကိုလေး ဖုန်း-၀၉-၉၁၀၀၃၉၅၃၊ ဦးလှိုင်ရွှေအောင် ဖုန်း-၀၉-၂၀၁၈၀၈၃

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန တင်ဒါဖွင့်ရက်ရွှေ့ဆိုင်းခြင်း

၆-၃-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနပိုင်အမှတ် ၁၆၃/၁၆၉၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မော်တော်ယာဉ်အလုပ်ရုံ သုံးထပ်၏ ပထမထပ်အား ပုဂ္ဂလိကသို့ ငှားရမ်းရန်အတွက် ၁၄-၃-၂၀၁၃ ရက်တွင် အိတ်ဖွင့်တင်ဒါဖွင့်ဖောက်မည်ဟု ကြေညာချက်အား ရက်ရွှေ့ဆိုင်းလိုက်ပါသည်။ ဖွင့်ဖောက်မည့်နေ့ရက်ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

တင်ဒါကြီးကြပ်မှုကော်မတီ
ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
နေပြည်တော်

PDF Compressor Pro

ပြည်သူ့လွှတ်တော်အစည်းအဝေး

အသေးစားနှင့်အလတ်စား ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများဆောင်ရွက်ရန်တင်ပြလာပါက ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မတ် ၁၃

အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်နေသည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်၊ မောတောင်ကျေးရွာ၊ ကရင်ပြည်နယ်၊ မြဝတီခရိုင် မြဝတီမြို့၊ ဘုရားသုံးဆူနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်တို့တွင် ထိုင်းနိုင်ငံမှ ဓာတ်အား ဝယ်ယူပြီး သုံးစွဲလျက်ရှိပါကြောင်း၊ အလားတူ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်နေသည့် ကျန်ဒေသများတွင်လည်း သက်ဆိုင်ရာဒေသအစိုးရအဖွဲ့များအနေဖြင့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများမှ အိမ်နီးချင်း နိုင်ငံများ၏ ဓာတ်အားရယူကာ အသေးစားနှင့် အလတ်စား ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်ရန် တင်ပြလာပါကလည်း ခွင့်ပြုဆောင်ရွက်ပေးလျက် ရှိပါကြောင်းဖြင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ယနေ့ ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေး (၂၆)ရက်မြောက်နေ့၌ လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း၏ **လျှပ်စစ်မီး လုံလောက်စွာ ရရှိနိုင်စေရန် လိုအပ်သော လျှပ်စစ်ဓာတ်အားကို ပြည်ပမှ ဝယ်ယူပြီး ပြည်တွင်းတွင် ဖြန့်ဖြူးရောင်းချရန် အစီအစဉ် ရှိ/မရှိ** သိရှိလိုကြောင်း မေးခွန်းအား ပြန်လည်ဖြေကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

ပြည်ပနိုင်ငံများမှ ဓာတ်အားဝယ်ယူရေးဆောင်ရွက်ရာတွင် နိုင်ငံတော်ဓာတ်အားစနစ်နှင့် အိမ်နီးချင်း နိုင်ငံများ၏ ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်၍ ဓာတ်အားဝယ်ယူခြင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော နယ်မြေဒေသများတွင် အိမ်နီးချင်းနိုင်ငံများမှ ဓာတ်အားဝယ်ယူခြင်းဟူ၍ နည်းလမ်းနှစ်မျိုးရှိကြောင်း၊ လက်ရှိ အခြေအနေအရ နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဓာတ်အား လုံလောက်မှုမရှိသည့်အတွက် ပြည်ပနိုင်ငံများမှ ဓာတ်အားဝယ်ယူရမည်ဆိုပါက ဓာတ်အားစနစ် အချင်းချင်း ချိတ်ဆက်နိုင်ရန် မဟာဓာတ်အားလိုင်းကြီးများ၊ ဓာတ်အားခွဲရုံကြီးများ တည်ဆောက်ရမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုများစွာ လိုအပ်မည်ဖြစ်သည့်အတွက် ဆောင်ရွက်ရန် အစီအစဉ် မရှိသေးကြောင်း သိရှိရသည်။

ဖြေကြား

ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြေကြားစဉ်။

(သတင်းစဉ်)

အဆိုပါ ဖြေကြားချက်နှင့် ပတ်သက်၍ မေးခွန်းရှင် ဦးဖြိုးမင်းသိန်းက "အစိုးရအဆက်ဆက်က နိုင်ငံမှာ ပြည့်ဝတဲ့ လျှပ်စစ်ဓာတ်အားရဖို့ ကြိုးပမ်းခဲ့ကြပါတယ်။ အခုလည်းပဲ သဘာဝအရင်းအမြစ်တွေကို အခြေခံ ထုတ်လုပ်တဲ့ဓာတ်အားတွေ ဆက်လက်တိုးတက်ရရှိဖို့ ကြိုးစားနေဆဲဖြစ်ပါတယ်။ ဒါပေမယ့်လည်း ပြည့်စုံလုံလောက်တဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်တွေ ရှိနေဦးမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်ပကနေ လျှပ်စစ်ဓာတ်အားကို ဝယ်ယူဖြန့်ဖြူးပေးနိုင်ခြင်း ရှိမရှိ မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရကသာ လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားကို ပြည်ပက ဝယ်ယူဖြန့်ဖြူးပေးနိုင်မယ်ဆိုရင် လျှပ်စစ်ဓာတ်အား လိုအပ်ချက် ပြည့်ဝစွာ ရရှိမယ်လို့ ယူဆမိပါတယ်" ဟု ပြောပြသည်။

ဦးဖြိုးမင်းသိန်း၏ မေးခွန်းနှင့် စပ်လျဉ်း၍ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းက "ကျွန်မတို့နိုင်ငံမှာ တိုင်းပြည် အမှန်တကယ် ဖွံ့ဖြိုးဖို့ဆိုရင် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ရရှိဖို့နဲ့လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းဖို့ အဓိကပါပဲ။ ဒီနှစ်ချက်ကိုသာ ဖြည့်ဆည်းပေးနိုင်မယ်ဆိုရင် လူနေမှု အဆင့်အတန်းတွေလည်း မြင့်မားလာမှာဖြစ်ပါတယ်။ ဒီ့အတွက် ဦးဖြိုးမင်းသိန်း မေးခွန်းအတိုင်း နိုင်ငံတော်အစိုးရအနေနဲ့ ဖြည့်ဆည်းပေးနိုင်မယ်ဆိုရင် ပြည်သူတွေ မျှော်လင့်ထားသလို တိုးတက်လာမယ်လို့ ယုံကြည်ပါတယ်" ဟု ပြောပြသည်။

ကိုကိုးကျွန်း မဲဆန္ဒနယ်မှ ဦးအေးဖေက **ဧရာဝတီမြစ် ပြုပြင်ထိန်းသိမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့်စီမံကိန်းဆိုင်ရာ ရှေ့အလားအလာများ**အား သိရှိလိုကြောင်း မေးမြန်းရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ဘယ်လ်ဂျီယံနိုင်ငံ၊ ဖလန်းဒါးပြည်နယ်အစိုးရ Flanders Investment and Trade ၏အထောက်အပံ့ဖြင့် ဧရာဝတီမြစ်ရေလမ်းကြောင်း တိုးတက်ကောင်းမွန်ရေးလုပ်ငန်း ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းအား ဆောင်ရွက်ရန် ဘယ်လ်ဂျီယံနိုင်ငံရှိ SBE nv Engineering Co.,Ltd. Consultant မှ ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် ကမ်းလှမ်းခဲ့ပါကြောင်း၊ SBE nv Engineering Co.,Ltd. ၏ ကမ်းလှမ်းချက်အား ကြိုဆိုခဲ့ပြီး မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားဒေသတွင် Low head dam (Weir & Lock) တစ်ခု တည်ဆောက်ရေးကိုပါ ထည့်သွင်း၍ ဖြစ်မြောက်နိုင်စွမ်းလေ့လာပေးရန် ညှိနှိုင်းခဲ့ပါကြောင်း၊ ဖလန်းဒါးပြည်နယ်အစိုးရဝန်ကြီးချုပ် Mr. Kris Peeters ၏ ဖိတ်ကြားချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကျွမ်းကျင်ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လ်ဂျီယံနိုင်ငံသို့သွားရောက်ပြီး ဖလန်းဒါးပြည်နယ်အတွင်း Navigation lock နှင့် Flood Protection Project များ အပါအဝင် ရေကြောင်းထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို (၆-၁၁-၂၀၁၂) ရက်မှ (၁၆-၁၁-၂၀၁၂) ရက်အထိ လေ့လာခဲ့ပါကြောင်း။

ဘယ်လ်ဂျီယံနိုင်ငံရှိ SBE nv Engineering Co.,Ltd. မှ Consultant များကလည်း (၁၇-၁၂-၂၀၁၂) ရက်မှ (၂၁-၁၂-၂၀၁၂) ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်၍ ဧရာဝတီမြစ်အတွင်း ဘက်စုံ ရေစီမံခန့်ခွဲမှုဆောင်ရွက်နိုင်ရေး ဖြစ်မြောက်နိုင်မှုအခြေအနေအား ဆွေးနွေးခဲ့ပြီး ဖြစ်နိုင်ခြေလေ့လာမှုအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် SBE nv Engineering Co., Ltd. တို့အကြား နားလည်မှု မှတ်တမ်း ရေးထိုးနိုင်ရေးအတွက် အဆင့်ဆင့် ညှိနှိုင်းမှုများပြုလုပ်ခဲ့ကာ (၁၁-၂-၂၀၁၃) ရက်တွင် နားလည်မှု မှတ်တမ်းကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ဖြစ်နိုင်ခြေလေ့လာမှုအတွက် မန္တလေးတိုင်းဒေသကြီး ရန္တပိုရွာအနီး(သို့မဟုတ်) သင့်တော်သောနေရာတွင် ဆောင်ရွက်သွားရန် သဘောတူညီထားပါကြောင်း၊ ဖြစ်နိုင်ခြေ လေ့လာရေးအတွက် အချိန်ကာလအားဖြင့် ခြောက်လကြာမြင့်မည်ဖြစ်ပြီး ခန့်မှန်းကုန်ကျစရိတ်မှာ ယူရိုရှစ်သိန်းဖြစ်ပါကြောင်း၊ ယူရိုလေးသိန်းအား ဘယ်လ်ဂျီယံနိုင်ငံ ဖလန်းဒါး ပြည်နယ်အစိုးရမှ ထောက်ပံ့ကူညီပေးမည်ဖြစ်ပြီး ကျန်ယူရို လေးသိန်းအား SBE ကုမ္ပဏီမှ ကျခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဧရာဝတီမြစ် ပြုပြင်ထိန်းသိမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဖြစ်နိုင်ခြေ လေ့လာမှုဆောင်ရွက်ရန်အတွက် နားလည်မှုမှတ်တမ်းရေးထိုးနိုင်ခဲ့ခြင်းဖြင့် ဧရာဝတီမြစ်၏မြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် သာမက မြန်မာနိုင်ငံ၏ ရှေ့အနာဂတ် လိုအပ်ချက်များဖြစ်သော လျှပ်စစ်ဓာတ်အား၊ စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ ရေကြောင်းသွားလာမှု စသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများအား ခံစားရရှိနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

မေးခွန်းရှင် ဦးအေးဖေက "ဧရာဝတီမြစ်ကြီးဟာ မိုးတွင်းကာလမှာ ရွာချတဲ့မိုးရေတွေကြောင့် ရေစီးအားကောင်းပေမယ့် အခုလို နွေအခါမှာ ရေလမ်းကြောင်း နက်နက်နဲနဲ မရှိလှပါဘူး။ ပြောရမယ်ဆိုရင် ရေလမ်းကြောင်းတိမ်ကောလာတဲ့ သဘောဖြစ်ပါတယ်။ မိုးအခါမှာ ရွာချလိုက်တဲ့ မိုးရေတွေ အလဟဿမဖြစ်ရအောင် မြစ်ကြောင်းတစ်လျှောက် ရေတားတမံစီမံကိန်းတွေ တည်ဆောက်မယ်ဆိုရင် ၁၅ ခုလောက်တည်ဆောက်နိုင်မယ်လို့ လေ့လာသိရှိရပါတယ်။ ဒီလိုရေတားတမံတွေ တည်ဆောက်သွားမယ်ဆိုရင် လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားတွေ ထုတ်ယူနိုင်မယ့်အပြင် စိုက်ပျိုးမြေလယ်မြေဧက ၁၈ သန်းလောက်အထိ ဖြန့်ဝေပေးနိုင်မယ်လို့ သိရှိရပါတယ်။ ပြီးတော့ မိုးတွင်းကာလ ရေကြီးရေလျှံမှုလည်း သက်သာသွားမယ်၊ ခရီးသွားလုပ်ငန်းတွေလည်း

လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း။ (မြန်မာ့အလင်း)

တိုးတက်လာမယ်လို့ ထင်ပါတယ်" ဟုပြောပြသည်။

အစည်းအဝေးကို နံနက် ၁၂ နာရီ ၃၅ မိနစ်တွင် ရပ်နားခဲ့ပြီး အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို မတ် ၁၄ ရက်နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

တစ်ဝမ်းကွဲဆွေမျိုးအား အစားထိုးကုသခွင့်ရရှိမည်ဆိုပါက ကျောက်ကပ်အစားထိုးကုသခွင့်ပိုမိုရရှိလာမည်ဖြစ်

နေပြည်တော် မတ် ၁၃

ယနေ့တွင် ပထမအကြိမ်အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ တင်သွင်းထားသည့် **နိုင်ငံတော်၏ ကံကြမ္မာကို ဖန်တီးနိုင်သော နိုင်ငံတော်၏မဏ္ဍိုင် (၃)ရပ်အပါအဝင် ပါဝင်ပတ်သက်သူအားလုံးက နိုင်ငံတော်နှင့်ပြည်သူအတွက် အမြင့်မားဆုံးရည်မှန်းချက် တစ်ခုတည်းကိုသာ အာရုံရှေးရှုဆောင်ရွက်သွားကြရန်နှင့် လမ်းကြောင်းမှန်မှ သွေဖည်သွားနိုင်သောကိစ္စရပ်များကို အထူးသတိပြုရှောင်ရှားကြပါရန် ပါဝင်ပတ်သက်သူအားလုံးကို အလေးအနက် တိုက်တွန်းအပ်ပါကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၆)ဦးတို့က ဆွေးနွေးကြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးပေါ်လျှံလွင်က ဒီမိုကရေစီသက်တမ်း (၂)နှစ်ကာလအတွင်း ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရနှင့်လွှတ်တော်တို့၏ ကဏ္ဍတွင် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များက ဒေသအတွက် လိုအပ်ချက်များကို တင်ပြခဲ့ကြကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်က တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၏ ဒေသလိုအပ်ချက်များနှင့် တိုင်းရင်း

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

သားပြည်သူများ၏ဆန္ဒနှင့်လိုအပ်ချက်များကို သက်ဆိုင်ရာအစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ကအတည်ပြုပြီး ပေးပို့ထားသော တရားရုံးများ မထီမဲ့မြင်ပြုမှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး တင်သွင်းထားသည့် **ကျန်းမာရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော ဥပဒေများတွင် သက်ရှိကျောက်ကပ်အစားထိုးခြင်းကို ညီအစ်ကို မောင်နှမအချင်းချင်း၊ မိဘအရင်းနှင့် သားသမီးအရင်းတို့သို့ ကျောက်ကပ်ကို အစားထိုးခွဲစိတ်ကုသခွင့်အပြင် တစ်ဝမ်းကွဲ ကျောက်ကပ်လှူခြင်းအား ခွင့်ပြုသည့်ဥပဒေပြဋ္ဌာန်းနိုင်ရေးကို စီမံဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍လွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့က ဆွေးနွေးကြသည်။

ဆွေးနွေး

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင် ရှင်းလင်း ဆွေးနွေးစဉ်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာမြဦးက မြန်မာနိုင်ငံရှိ နာတာရှည် ကျောက်ကပ်ဝေဒနာရှင်များအား အသက်ကယ်တင်နိုင်ရေး၊ စေတနာရှင်ကျောက်ကပ်အလှူရှင်များပိုမိုပေါ်ထွန်းရေး၊ သက်ရှိကျောက်ကပ်အလှူရှင်များ၏ ကျန်းမာရေး၊ ကျောက်ကပ်ရောင်းဝယ်မှု၊ မှောင်ခိုလုပ်ဆောင်မှုများ မဖြစ်ပေါ်လာရေး၊ ဆင်းရဲနွမ်းပါးသူများအား အလွဲသုံးစားလုပ်ခံရမှု မဖြစ်ရေးတို့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်မှု၊ ဥရောပသမဂ္ဂ ပါလီမန်၏ လမ်းညွှန်ပြဋ္ဌာန်းမှုနှင့် ဗြိတိန်နိုင်ငံတွင် ကျင့်သုံးနေသော လုပ်ငန်းစဉ်များကို အခြေခံပြီး ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းနှင့် အစားထိုးကုသမှု ဥပဒေသစ်တစ်ရပ်ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းသင့်ကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က တစ်ဝမ်းကွဲဆွေမျိုးအား အစားထိုးကုသခွင့်ရရှိမည်ဆိုပါက ကျောက်ကပ်ရောဂါဝေဒနာရှင်များအတွက် ကျောက်ကပ်အစားထိုးကုသခွင့် ပိုမိုရရှိလာမည်ဖြစ်ပါသောကြောင့် ၎င်းအားနည်းချက်များကို ထည့်သွင်းစဉ်းစားပြီး တစ်ဝမ်းကွဲဆွေမျိုးအား အစားထိုးကုသခြင်းကိုခွင့်ပြုသည့် ဥပဒေပြဋ္ဌာန်းနိုင်ရေး စီမံဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုသင့်ပါကြောင်း ရှင်းလင်းဆွေးနွေးရာ ယင်းအဆိုကို လွှတ်တော်က အတည်ပြုခဲ့သည်။

အစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို မတ် ၁၄ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ထပ်လွှမ်စေတီတော်အား ဖူးမြော်ကြည်ညိုပြီး ကိုင်ဆွမ်ဖိုဗီဟန့်ပြတိုက်ကို ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၁၃

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် မတ် ၁၂ ရက် နံနက်ပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ ထပ်လွှမ်စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် စေတီတော်အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းပြီး စေတီတော် ပရိဝုဏ်အတွင်း လှည့်လည်ဖူးမြော်ကြည်ညိုရာ စေတီတော်ဂေါပကအဖွဲ့ဝင်တစ်ဦးက စေတီတော်၏ သမိုင်းကြောင်းကို လိုက်လံရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗီယင်ကျန်းမြို့ ကိုင်ဆွမ်ဖိုဗီဟန့်(Kaysone Phomvihan) ပြတိုက်သို့ ရောက်ရှိကြပြီး ပြတိုက်အတွင်းလာအိုနိုင်ငံ၏သမ္မတဟောင်း ကိုင်ဆွမ်ဖိုဗီဟန့်၏ ကြိုးပမ်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများနှင့် လာအိုနိုင်ငံ၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာမှု မှတ်တမ်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဗီယင်ကျန်းမြို့ရှိ Ho Phra Ked ဘုရားကျောင်းတော်သို့လည်းကောင်း၊ Wat Sisaket ဘုရားကျောင်းတော်သို့ လည်းကောင်း ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် ဗီယင်ကျန်းမြို့ရှိ အေဆမ်ဗီလာသို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာ စိုင်း မောက် ခမ်း ဗီယင်ကျန်းမြို့ ကိုင်ဆွမ် ဖို ဗီ ဟန့် (Kaysone Phomvihan) ပြတိုက်အတွင်း၌ ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Sananhnakhet Room ၌ တွေ့ဆုံဆွေးနွေးစဉ်။

ဒုတိယသမ္မတ ဒေါက်တာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒ

နေပြည်တော် မတ် ၁၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် မတ် ၁၂ ရက် ညနေ ၅ နာရီခွဲတွင် ဗီယင်ကျန်းမြို့ရှိ ဒုန်ချမ်းပဲလေ့စ်ဟိုတယ် Sananhnakhet Room ၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. HOR Namhong၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Cham Prasidh နှင့်

လွှတ်တော်အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၁၃

လွှတ်တော် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ အစီအစဉ်အရ UNDP နှင့် ပေါင်းစပ်ညှိနှိုင်း၍ Law Making, Legal Analysis and Legal Drafting အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၁ရက် ညနေ ၃နာရီတွင် ရုံးအမှတ် (၂၀)လွှတ်တော်ရုံး၌ ကျင်းပရာ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးက အဖွင့်အမှာစကား ပြောကြားပြီး UNDP အဖွဲ့ကိုယ်စား Mr. Edin Elgsaether က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင်UNDP အဖွဲ့မှ Mr. Edin Elgsaether, Mr. Kevin Deveaux နှင့် Ms. Charmaine Rodrigues တို့က ဆွေးနွေးကြမည်ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ ကော်မရှင်များမှ အဖွဲ့ဝင်များ၊ လွှတ်တော်အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ကြီးကြပ်မှုအဖွဲ့မှ တာဝန်ရှိသူများနှင့် လွှတ်တော်ရုံးမှဝန်ထမ်းများ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၅ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လွှတ်တော်များသို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် မတ် ၁၃

နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ၁၀၅ ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာစီးပွားရေးတက္ကသိုလ် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA) ပထမနှစ်နှင့် ဒုတိယနှစ် သင်တန်းသားသင်တန်းသူများနှင့် အုပ်ချုပ်သူဆရာ ဆရာမ ၄၂ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ပထမအကြိမ်ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် (၂၆)ရက်မြောက်နေ့ကျင်းပနေပုံများကို လေ့လာပြီး**(ဝဲပုံ)** လွှတ်တော်အဆောက်အအုံများသို့ လှည့်လည် ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ပခရီးသွားရာတွင် ခရီးသည်များဖြည့်စွက်လျှောက်ထားရသော ပုံစံ "ဃ" (Form-D) ခွင့်ပြုချက်တောင်းရန်မလိုတော့

နေပြည်တော် မတ် ၁၃

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ နိုင်ငံခြားသားများနှင့် နိုင်ငံသားခရီးသည်များ ပြည်ပသို့ ဝင်/ထွက်သွားလာမှု ပိုမိုများပြားလာသည်။ ပြည်ပသို့ အကြောင်းအမျိုးမျိုးဖြင့် ခရီးထွက်ခွာသည့်အခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သတ်မှတ်ထားသော ပြည်ပထွက်ခွာခွင့်ပုံစံ"ဃ" (Form-D) ကို ဖြည့်စွက်လျှောက်ထားပြီး မှန်ကန်ခွင့်ပြုချက် ရရှိမှသာ ပြည်ပသို့ ထွက်ခွာခွင့်ရရှိသည်။

ယခုအခါ ထိုပုံစံ"ဃ" (Form-D) ဖြည့်စွက်ခွင့်ပြုလျှောက်ထားနေရခြင်းနှင့်ပတ်သက်၍ ပြည်သူလူထုတွင် ဝန်ထုပ်ဝန်ပိုးဖြစ်ခြင်း၊ ငွေကုန်ကြေးကျများခြင်းနှင့် အချိန်ကုန်လူပင်ပန်းခြင်းတို့ကြောင့် ခရီးသွား ပြည်သူများမှ ဖြေလျှော့ပေးစေလိုသော ဆန္ဒများရှိကြောင်း သိရှိရသည်။ သို့ဖြစ်၍ ဝန်ကြီးဌာနများ၏ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများသည် ပြည်သူကိုဗဟိုပြုသော၊ ပြည်သူ့ဆန္ဒကို အလေးထားသောဆောင်ရွက်ချက်များ ဖြစ်သည်နှင့်အညီ ယင်းဝန်ကြီးဌာနက သတ်မှတ်ထားသော ပြည်ပထွက်ခွာရာတွင် ဖြည့်စွက် လျှောက်ထားရသည့်ပုံစံ "ဃ" (Form-D) အား ပြည်ပသို့ ထွက်ခွာမည့်သူတိုင်း နိုင်ငံခြားသားနှင့် နိုင်ငံသား (မည်သူမဆို) မတ် ၁၅ ရက်မှစ၍ ဖြည့်စွက်လျှောက်ထားခွင့်ပြုချက် တောင်းခံရန်မလိုအပ်တော့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ပျော်ဘွယ် – ရွာတော် – နတ်မောက် – မကွေး ရွာတော် – နတ်မောက်ရထား

နေပြည်တော် မတ် ၁၃

ပျော်ဘွယ်- ရွာတော်- နတ်မောက်-မကွေး ရထားလမ်းပိုင်းတွင် ယနေ့ဖွင့်လှစ်သည့် ရွာတော်-နတ်မောက် ရထားလမ်းပိုင်း အပါအဝင် နတ်မောက်-ကံပြားရထား လမ်းပိုင်းပြီးစီးသွားပါက မကွေးတိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီးသို့လည်းကောင်း၊ ၎င်းမှ တစ်ဆင့်ကချင်ပြည်နယ်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့မှတစ်ဆင့် ရှမ်းပြည်နယ်သို့ လည်းကောင်း၊ မကွေးမြို့မှ ပျော်ဘွယ်-နေပြည်တော်-ရန်ကုန်မြို့တို့သို့ သွားလာနိုင်တော့မည် ဖြစ်သည့်အပြင် မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ ရထားလမ်းကွန်ရက်ဖြင့် ချိတ်ဆက်သွားလာနိုင်တော့မှာ ဖြစ်ပါကြောင်းဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က ယနေ့နံနက် ၇နာရီခွဲတွင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ နတ်မောက်ဘူတာသစ်ယာဒ်ဝင်းရှိမဏ္ဍာလာမဏ္ဍပ်၌ကျင်းပသည့် ရွာတော်- နတ်မောက်ရထားလမ်းသစ်ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားသည်။

ယင်းနောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဦးဇေယျာအောင်နှင့် ဦးဘုန်းမော်ရွှေတို့က တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ရွာတော်-နတ်မောက် ရထားလမ်းပိုင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရွာတော်-နတ်မောက် ရထားလမ်းပိုင်း

၂၀၁၂ ခုနှစ် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲ ကျင်းပမည်

ရန်ကုန် မ

၂၀၁၂ ခုနှစ် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲ အခမ်းအနားကို ၂၀ များဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ ၂၀၁၂ ခုနှစ် ဆရာဝန်တင်ရွှေ စာအုပ်များအနက်မှ ယုဝတီခင်ဦးရေးသားပြီး သင်းစာပေမှ ထုတ်ဝေသ ပဒေသာစာပေတိုက်မှ ထုတ်ဝေသည့် မြင့်မားသည့်ပညာရေးဖြင့်သာ စ စာပေမှထုတ်ဝေသည့် သစ္စာ စာအုပ်နှင့် Ohnmar Shirr ရေးသားပြီးအိမ် ယခုနှစ်တွင် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲ အခမ်းအနားကျင်းပခြင်း(၁ ကဗျာဆရာကြီး ဒဂုန်တာရာအား ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရ

PDF Compressor Pro

ပြည်တွင်းသတင်း



...ယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် ဗီယင်ကျန်းမြို့ရှိ ဒုန်ချမ်းပဲလေ့စ်ဟိုတယ် (သတင်းစဉ်)

...တ ဒေါက်တာစိုင်းမောက်ခမ်း ...ချုပ် ဆမ်ဒက်ဟွန်ဆန်နှင့်တွေ့ဆုံဆွေးနွေး

...ပြည်ထောင်စု ...ဒုတိယဝန်ကြီး ...ကြပြီး ကမ္ဘော ...ချုပ် ဆမ်ဒက် ... ဒုတိယ ...ခြားရေးဝန်ကြီး ... Mr. HOR ...ရေးနှင့်ကူးသန်း ...ဦးဌာန ဝန်ကြီး ...Prasidh နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံရှိရင်းစွဲချစ်ကြည် ရင်းနှီးမှုတိုးမြှင့်ခိုင်မာရေး၊ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံ အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရာတွင် ကမ္ဘောဒီးယားနိုင်ငံမှ အတွေ့အကြုံများ မျှဝေပြီး ကူညီဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများတွင် ပိုမိုတက်ကြွစွာပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် ကမ္ဘောဒီးယားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီး ခင်မင်စွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

...ာက် – မကွေးရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ...မောက်ရထားလမ်းပိုင်းသစ်ဖွင့်လှစ်

...ဦးဘုန်းမော်ရွှေ ...ကြားသည်။ ...မှတရုံးဝန်ကြီး ...ဝန်ကြီး ဦးအောင် ...တ်စကား ပြော...

...ပြည်ထောင်စု ...င်း၊ ဦးဇေယျာ ...န်းမော်ရွှေတို့က ...ဝန်ကြီးချုပ်တို့က ...် ရထားလမ်း ...တ်ဖွင့်လှစ်ပေး...

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ရွာတော်-နတ်မောက်ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ် မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဖွင့်ပွဲအထူးရထားနှင့် စီးနင်းလိုက်ပါကြမည့် ဒေသခံပြည်သူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ရွာတော်-နတ်မောက် ရထားလမ်းပိုင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။

ယခုဖွင့်လှစ်သည့် အရှည် ၃၅ ဒသမ ၄၂ မိုင်ရှိသည့် ရွာတော်-နတ်မောက် ရထားလမ်းပိုင်းသည် ပျော်ဘွယ်-ရွာတော်-နတ်မောက်-မကွေးရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး လေးကြိမ်မြောက် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ လက်ရှိအစိုးရ လက်ထက်တွင် ပထမဆုံးဖွင့်လှစ်ပေးသည့် ရထားလမ်းပိုင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

...မောက် ရထားလမ်းပိုင်းဖွင့်လှစ်ပြီးနောက် ရထားပြေးဆွဲနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၁၃

...ပွဲ အခမ်းအနားကို ၂၀၁၃ခုနှစ် မတ် ၁၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီး ...နှစ် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ခံရသည့် စာအုပ်များမှာ ၂၀၁၁ ခုနှစ်အတွင်းထုတ် ...င်းစာပေမှ ထုတ်ဝေသည့် ခင်ဦး၏ခင်ဦး စာအုပ်၊ ဒေါက်တာ မောင်သင်းရေးသားပြီး နေမျိုး ...ည့်ပညာရေးဖြင့်သာ စာအုပ်၊ စိန်လင်း (ခွဲစိတ်နှင့် ကင်ဆာပါရဂူ)ရေးသားပြီး စိတ်ကူးချိုချို ...r Shirr ရေးသားပြီးအိမ်တွင်းမှုစာပေမှ ထုတ်ဝေသည့် Bamar Snacks စာအုပ်တို့ဖြစ်ကြသည်။ ...မ်းအနားကျင်းပခြင်း(၁၁)နှစ်မြောက် အထိမ်းအမှတ် စာပေဂုဏ်ဆောင်ဆုအဖြစ် စာရေးဆရာ ...မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်တို့သည် ထိပ်သီးအစည်းအဝေး တက်ရောက်ရန် ဒုန်ချမ်းပဲလေ့စ်ဟိုတယ် Grand Ball-room သို့ ရောက်ရှိလာကြရာ (၆) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်(CLMV)ထိပ်သီးအစည်းအဝေးအလှည့်ကျ သဘာပတိ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဖောင်က လှိုက်လှဲခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် (၆) ကြိမ်မြောက် ကမ္ဘောဒီးယား- လာအို- မြန်မာ-ဗီယက်နမ်(CLMV)ထိပ်သီးအစည်းအဝေးကျင်းပရာ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်က အဖွင့်မိန့်ခွန်းပြောကြားသည်။ ထို့နောက် အစည်းအဝေးကို အစီအစဉ်အတိုင်းကျင်းပရာ လာအိုနိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဗီယက်နမ်ဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က အသီးသီးဆွေးနွေး ပြောကြားကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဆွေးနွေးပြောကြားရာတွင် မိမိတို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်စသည့် လေးနိုင်ငံတို့၏ ဒေသခွဲအတွင်း လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့မှာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခြင်းဖြင့် ထိုလေးနိုင်ငံသည် ပိုမိုဖွံ့ဖြိုးလာပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသော CLMV အဖွဲ့ကြီး၏ ပုံမှန်ထိပ်သီးအစည်းအဝေးများကို ကျင်းပခဲ့သည်မှာ ယခု (၆)ကြိမ်ရှိပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေ ဖြင့် ချစ်ကြည် ရင်းနှီးသော ဆက်ဆံရေးနှင့် အိမ်နီးချင်းကောင်းပီသသောဆက်ဆံရေးတို့ကို အခြေခံပြီး ပူးပေါင်းဆောင်ရွက်မှုများကို ကျန်သုံးနိုင်ငံနှင့်နီးကပ်စွာ ဆက်လက် လက်တွဲလုပ်ဆောင်သွားမည် ဖြစ်ကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။

ယခု ထိပ်သီးအစည်းအဝေးမှာ လုပ်ဖော်ကိုင်ဖက်များနှင့်အတူ CL-MV ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုများကို ပြန်လည်သုံးသပ်ပြီး ဤပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်သွားနိုင်ရန်၊ ဆွေးနွေးခွင့်ရမည်ဖြစ်သည့်အတွက်လည်း များစွာဝမ်းသာပါကြောင်း။

ယခုထိပ်သီးအစည်းအဝေးတွင် ပြီးခဲ့သော ၂၀၁၀ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံ၌ ပြုလုပ်ခဲ့သည့် ထိပ်သီးအစည်းအဝေးအတွင်း ချမှတ်ခဲ့သော ၂၀၁၅ခုနှစ် အာဆီယံအသိုင်းအဝိုင်း ထူထောင်ရာတွင် အာဆီယံနိုင်ငံများအကြား ကွာဟချက် ကျဉ်းမြောင်းရေးကိုဦးတည်သော လုပ်ငန်းစီမံချက်များအပေါ် အကောင်အထည်ဖော်နိုင်မှုများအတွက် သက်ဆိုင်ရာဌာနများကို ချီးကျူးအသိအမှတ်ပြုကြောင်းဖြင့် ပြောကြားလိုပါကြောင်း။

အထူးသဖြင့် ပြီးခဲ့သော ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ ပြုလုပ်ခဲ့သော CLMVလေးနိုင်ငံစီးပွားရေးဝန်ကြီးများ၏ စတုတ္ထအကြိမ်အစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ခြင်းနှင့် နှစ်စဉ်လုပ်ငန်းစီမံချက်အကောင်အထည်ဖော်ရာတွင် တိုးတက်မှုများ ရရှိနေခြင်းတို့အတွက်လည်း ချီးကျူးပါကြောင်း။

အလားတူ ၂၀၁၂ခုနှစ် စက်တင်ဘာလက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ပြုလုပ်ခဲ့သော ပထမအကြိမ် CLMV လေးနိုင်ငံခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းနှင့် အစည်းအဝေးမှ ၂၀၁၃-၂၀၁၅ ခုနှစ်အတွက် ခရီးသွားလုပ်ငန်း ပူးပေါင်းအကောင်အထည်ဖော်ရေး အစီအစဉ်နှင့် "လေးနိုင်ငံ ခရီးစဉ်တစ်ခု"အစီအစဉ်အား ပူးတွဲတွန်းအားပေးရေး၊ ခရီးသွားလုပ်ငန်းအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့ ပါဝင်သည့် ပူးတွဲကြေညာချက် ချမှတ်နိုင်ခြင်းတို့အတွက်လည်း ချီးကျူးပါကြောင်း။

ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံအကြား ရှေ့ပြေးအစီအစဉ်ဖြစ်သော ACMECS နိုင်ငံများအတွင်း၊ ဗီဇာတစ်ခုတည်းစနစ် (ACMECS Single Visa Scheme) အောင်မြင်စွာ ဖော်ဆောင်နိုင်မှုကို ချီးကျူးပါကြောင်း၊ မိမိတို့ CLMV နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြားကဏ္ဍများဖြစ်သော ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး၊ စိုက်ပျိုးရေး၊ စက်မှု၊ စွမ်းအင်၊ ပို့ဆောင်ရေး၊ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍတို့တွင်လည်း တိုးတက်မှုများ ရှိနေသည့်အတွက် များစွာအားရ မိပါကြောင်း။

ပို့ဆောင်ရေးကဏ္ဍတွင် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား ချစ်ကြည်ရေးတံတား စီမံကိန်းသည် မကြာမီ အကောင်အထည်ပေါ်လာတော့မည်ဖြစ်ပါကြောင်း၊ ယင်းတံတားတည်ဆောက်ပြီးစီးသွားပါက ဒေသတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည့်အတွက် ရွှေတြိဂံဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍတို့၌ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ရှိသည်နှင့်အညီ ယင်းကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို မကြာမီက အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ ယင်းဥပဒေသစ်သည် သဘာဝအရင်းအနှီးများ ထုတ်လုပ်မှုကိုအခြေခံသော ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအစား ကုန်ထုတ်လုပ်မှုကို အခြေခံသော ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ပြောင်းလဲနိုင်ရန်လည်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ ကြီးမားသော လုပ်သားအင်အားရှိပါကြောင်း၊ ယင်းမှာ Labour-intensive industries ပြုလုပ်သော ပြည်ပရင်းနှီးမြှုပ်နှံမှုကို အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း၊ မကြာမီက အီးယူနှင့် အမေရိကန်တို့က မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးကန့်သတ်မှုများကို ဆိုင်းငံ့ပေးခဲ့ပါကြောင်း၊ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်ရန် နိုင်ငံသားများအား နိုင်ငံတကာငွေကြေးဈေးကွက်သို့ ဝင်ရောက်နိုင်ရန်နှင့် ဒေါ်လာကို အခြေခံပြီး ငွေလွှဲနိုင်ရန်အတွက် ခွင့်ပြုသော အထွေထွေလိုင်စင်တစ်ရပ်ကိုလည်း ထုတ်ပြန်ပေးခဲ့ပါကြောင်း၊ ပြီးခဲ့သောလ ၂၂ ရက်ကလည်း မြန်မာ့ဘဏ်လေးခုကို ငွေကြေးလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် ခွင့်ပြုသော အထွေထွေလိုင်စင်တစ်ရပ်ကို အမေရိကန်နိုင်ငံက ထုတ်ပြန်ပေးခဲ့ပါကြောင်း၊ ယင်းမှာ မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံရန် အခြေအနေများ၊ ပြန်လည်ကောင်းမွန်လာစေခြင်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ပထဝီအနေအထားအရ နိုင်ငံ၏အရေးပါသော အထူးစီးပွားရေးဇုန်သုံးခုကို တည်ဆောက်လျက်ရှိပါကြောင်း၊ ထားဝယ်၊ ကျောက်ဖြူနှင့် သီလဝါရေနက်ဆိပ်ကမ်း အထူးစီးပွားရေးဇုန်များ ဖြစ်ပါကြောင်း။

ထားဝယ် ရေနက်ဆိပ်ကမ်းကို အသုံးပြုခြင်းဖြင့် အရှေ့အလယ်ပိုင်း၊ အာဖရိကနှင့် ဥရောပကုန်ပစ္စည်းများ၊ မလက္ကာရေလက်ကြားကို ဖြတ်သန်းရန်မလိုဘဲ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံတို့သို့ ရောက်ရှိမည်ဖြစ်ပါကြောင်း။

ထားဝယ် အထူးစီးပွားရေးဇုန်ကို မြန်မာ-ထိုင်း နယ်နိမိတ်ကြားရှိ ပင်လယ်ဆိပ်ကမ်း၌ တည်ဆောက်လျက်ရှိပြီး ယင်းလုပ်ငန်းပြီးစီးပါက တောင်တရုတ်ပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်တို့ကို ဆက်သွယ်ပေးမည့် အရှေ့-အနောက်စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း။

မိမိတို့အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရာတွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများနှင့် ကဏ္ဍအလိုက် CLMV ရှေ့လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဒေသခွဲအတွင်း သေချာခိုင်မာသော တိုးတက်မှုများနှင့် ဖွံ့ဖြိုးမှုအကျိုးရလဒ်များ ထွက်ပေါ်လာမည်ဟု မိမိအနေဖြင့် အပြည့်အဝယုံကြည်ပါကြောင်း။

ထိုသို့ လုပ်ဆောင်ရာတွင် သက်ဆိုင်ရာ မိတ်ဖက်နိုင်ငံများ၏ အကူအညီများ၊ အထူးသဖြင့် မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှုဘောင်အတွင်းမှ ဂျပန်နိုင်ငံ၏ အကူအညီ အမေရိကန်ဒေါ်လာသန်း ၂၀ အတွက် လည်းကောင်း၊ လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ရာတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အကူအညီပေးခြင်းများအတွက် လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လာမည့် (၇) ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပသွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ (၆) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်နှင့် (၇) ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးကျင်းပမည့် နေ့ရက်နှင့်နေရာတို့ကို အတည်ပြုဆုံးဖြတ်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက (၇) ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အထိမ်းအမှတ် မိန့်ခွန်းပြောကြားရာတွင် လာမည့် (၇) ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် တာဝန်ယူခွင့်ရမယ့် မြန်မာနိုင်ငံရဲ့ ကိုယ်စား စကားပြောကြားခွင့်ရတဲ့အတွက်ကျေးဇူးတင်ရှိကြောင်း ဦးစွာပြောကြားလိုပါကြောင်း၊ ယနေ့ကျင်းပသည့် (၆) ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးသည် ၂၀၀၈ခုနှစ်ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ပြုလုပ်ခဲ့သော (၅) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးအတွင်း သဘောတူညီခဲ့သည့် စီမံကိန်းများ အကောင်အထည်ဖော်မှုကို ပြန်လည်သုံးသပ်နိုင်ခဲ့ပြီး ရှေ့ဆက်ဆောင်ရွက်မည့် စီမံကိန်းများကို ဖော်ထုတ်နိုင်ကာ သဘောတူညီချက်များ ရရှိခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ယနေ့ အစည်းအဝေးတွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ် လေးနိုင်ငံအတွင်း လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခြင်းဖြင့်၊ ထိုလေးနိုင်ငံ ပိုမိုဖွံ့ဖြိုးလာပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်လာစေရန်ဆိုသော CLMV အဖွဲ့ကြီး၏ရည်ရွယ်ချက်ကို ပြန်လည် အားဖြည့်နိုင်ခဲ့သည်ကို တွေ့မြင်ရသည့်အတွက် မိမိတို့လေးနိုင်ငံ၏ အနာဂတ်အတွက် များစွာအားတက်မိပါကြောင်း။

ယခုထိပ်သီးအစည်းအဝေးတွင် လက်တွေ့ အကျိုးအမြတ်များ ထွက်ပေါ်စေမည့် ရှေ့လာမည့် လုပ်ငန်းစီမံချက်အပေါ် သဘောတူညီမှုများ ရရှိခဲ့ကြရာ ဒေသတွင်းရှိ ပြည်သူများ၏လူနေမှုအဆင့်အတန်း မြင့်မားရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ဖော်ဆောင်ပေးနိုင်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း၊ မိမိတို့အောင်မြင်မှုများသည် အာဆီယံပေါင်းစည်းရေး အစီအစဉ် (IAI) ၏ ရည်မှန်းချက်များနှင့်အညီ အာဆီယံနိုင်ငံများအတွင်း ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းစေရေးကိုလည်း မလွဲမသွေ အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ကျင်းပခွင့်ရမည့် (၇) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ရန် မိမိတို့မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံး ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း။

ပြီးခဲ့သည့် ထိပ်သီးအစည်းအဝေးများအတွင်း သက်ဆိုင်ရာ အိမ်ရှင်နိုင်ငံအသီးသီး၏ ဧည့်ဝတ်ကျေပွန်မှုများကို မိမိတို့အနေဖြင့် တစ်ပြန်တစ်လှည့် တုံ့ပြန်ခွင့်ရမည်ဖြစ်သည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း။

မြန်မာနိုင်ငံတွင် ပြုလုပ်မည့် လာမည့် CLMV ထိပ်သီးအစည်းအဝေးသို့ ယနေ့တက်ရောက်လာကြသော မိတ်ဆွေများအားလုံးကို ဖိတ်မန္တကပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဖောင်က နိဂုံးချုပ် အမှာစကား ပြောကြားပြီး (၆) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(၆)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးတွင် ၂၀၀၄ ခုနှစ် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ ထိပ်သီးအစည်းအဝေး၊ ၂၀၀၅ ခုနှစ် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ထိပ်သီးအစည်းအဝေး၊ ၂၀၀၇ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့ ထိပ်သီးအစည်းအဝေး၊ ၂၀၀၈ ခုနှစ် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ ထိပ်သီးအစည်းအဝေးနှင့် ၂၀၁၀ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ ထိပ်သီးအစည်းအဝေးများ၌ ချမှတ်ထားခဲ့သည့် ဆုံးဖြတ်ချက်များကို ပြန်လည်အမှတ်ရကြပြီး အဖွဲ့ဝင်နိုင်ငံများအကြား အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းကောင်းပီသမှုနှင့် ဘုံအကျိုးစီးပွားများကို ဆက်လက်အကောင်အထည်ဖော်ရန် ကတိကဝတ်များကို ထပ်မံဖော်ပြခဲ့ကြသည်။

၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း ထူထောင်မှုသို့ ဦးတည်ရာ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်၊ ကျဉ်းမြောင်းစေမည့် ရည်မှန်းချက်ဖြင့် ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ကျင်းပခဲ့သည့် ပဥ္စမအကြိမ် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးတွင် သဘောတူညီခဲ့သည့် စီမံကိန်းများ အကောင်အထည်ဖော်တိုးတက်မှုအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ၂၀၀၄ ခုနှစ်တွင် ချမှတ်ခဲ့သည့် စီအယ်လ်အမ်ဗွီနိုင်ငံများ အကြား ပေါင်းစည်းမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေး စီအယ်လ်အမ်ဗွီပူးပေါင်းဆောင်ရွက်မှု အနာဂတ်ဦးတည်ချက်နှင့် ၎င်း၏ ရှေ့လုပ်ငန်းစဉ်တို့အပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဖောင်က ဗီယင်ကျန်းမြို့ ဒုန်ချမ်းပဲလေ့စ်ဟိုတယ် ဒုတိယထပ် Convention Hall ၌ (၅)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးနှင့် (၆) ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်လာကြသူများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာ စားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

(၆၈)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) နိုင်ငံတော်၏အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေး။

PDF Compressor Pro

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

နည်းပညာများကို တောင်သူလယ်သမားများလက်ဝယ်အရောက် ပျံ့နှံ့အောင်ဆောင်ရွက်

နေပြည်တော် မတ် ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မတ် ၁၂ ရက် နံနက် ၇ နာရီက နေပြည်တော်ပုဗ္ဗသီရိမြို့နယ် သပြေကုန်းရွာ ငလိုက်ဆည်ရေသောက်စနစ်ရှိ သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် ပင်ကြား၊ တန်းကြား စနစ်တကျ စိုက်ပျိုးထားသော ဆီထွက်မြေပဲသီးနှံစိုက်ခင်း၊ ဆီထွက်နေကြာစိုက်ခင်းများ တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးပြီးစီးမှုကို ကြည့်ရှုစစ်ဆေး၍ စတင် စိုက်ပျိုးချိန်မှ သီးနှံများ ရိတ်သိမ်းချိန်အထိ မှတ်တမ်းထားရှိပြီး ရရှိလာသော အတွေ့အကြုံ နည်းပညာများကို တောင်သူလယ်သမားများလက်ဝယ်အရောက် ပျံ့နှံ့အောင်ဆောင်ရွက်ရန်နှင့် မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးရာသီအချိန်မီ ဖြန့်ဖြူးနိုင်ရေး စနစ်တကျဆောင်ရွက်ကြရန် မှာကြားသည်။

ဖြစ်ထွန်းအောင်မြင်

ထို့မှတစ်ဆင့် ဇေယျာသီရိမြို့နယ် ရှားတောရွာအနီး ငလိုက်ဆည်ရေသောက်စနစ် မြောင်းလက်တံ(၁) အနီးရှိ တစ်ဆက်တစ်စပ်တည်း ဧက ၁၀၀ နှမ်းသီးနှံ မျိုးစေ့ထုတ်စိုက်ကွင်းနှင့် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာ အနီးရှိ ငလိုက်ဆည်ရေသောက်စနစ်တွင် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသော ဆီထွက်မြေပဲ စိုက်ခင်း ဧက ၂၀ တို့၏ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုသည်။

ယင်းနောက် ဒက္ခိဏသီရိ မြို့နယ် ဟိုတယ်ဇုန်အနီး ရန်အောင်မြင်ဆည်ရေသောက်စနစ်ရှိ တစ်ဆက် တစ်စပ်တည်း ဆီထွက်နေကြာ သီးနှံစိုက်ခင်း ဧက ၁၀၀ နှင့် ဆီထွက်ပြောင်းသီးနှံဧက ၁၀၀ စိုက်ကွင်းများသို့ သွားရောက် ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းဆီ စားသုံးမှုဖူလုံရေး၊ ကျန်းမာရေးနှင့်ကိုက်ညီသော စားသုံးဆီများ စိုက်ပျိုးထုတ်လုပ်ရေးကို အထူးကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မျိုးကောင်းမျိုးသန့် ဆီထွက်မြေပဲ၊ ဆီထွက်နေကြာ၊ ဆီထွက်နှမ်းနှင့် ဆီထွက်ပြောင်းသီးနှံများကို စီးပွားဖြစ်စိုက်ပျိုးနိုင်ရေး မျိုးသန့်မျိုးစေ့များ ထုတ်လုပ်ပေးလျက်ရှိရာ ပုဂ္ဂလိက လုပ်ငန်းရှင်များကလည်း ခေတ်မီ ဆီစက်ရုံများ ထူထောင်၍ အထွက်ကောင်းပြီး ကျန်းမာရေးနှင့်ကိုက်ညီသော စားသုံးဆီများ ထုတ်လုပ်ရန်စီမံချက်ဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ခေတ်မီဆီစက်ကြီးများ ထူထောင်ထားရှိခြင်းအားဖြင့် စားသုံးဆီဖူလုံမှုအတွက် လုံခြုံစိတ်ချရမှုရှိသည့်အပြင် ဘေးထွက်ပစ္စည်းဆီကြိတ်ဖတ်များကို မွေးမြူရေးတိရစ္ဆာန်အစာအဖြစ် ပြန်လည်အသုံးပြုနိုင်၍ တောင်သူလယ်သမားများနှင့် ပုဂ္ဂလိကအခန်းကဏ္ဍတို့မှ ပူးပေါင်းလုပ်ဆောင်နိုင်ရေးပညာပေးစည်းရုံး အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

(သတင်းစဉ်)

ဝင်ငွေတိုးစေသည့် စတော်ဘယ်ရီစိုက်ပျိုးသူများ

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၅၀၀ ကျော်တွင် ရှိပြီး တောင်ကုန်းတောင်တန်းများနှင့် သာယာလှပသော တောင်စခန်းမြို့တစ်မြို့ဖြစ်ပေသည်။ အထူးသဖြင့် ကန်တော်ကြီး အမျိုးသားသဘာဝဥယျာဉ်ကြီးသည်လည်း ပြင်ဦးလွင်မြို့၏ နာမည်ကြီး အထင်ကရနေရာလည်းဖြစ်ပေသည်။

လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်သည်နှင့်အမျှ ဒေသထွက်ကုန်ပစ္စည်းများကို မန္တလေး၊ နေပြည်တော်၊ ရန်ကုန်မြို့ ကြီးများသို့ အဆင်ပြေချောမွေ့စွာနှင့် တင်ပို့ရောင်းချနေသော မြို့လည်းဖြစ်သည်။

ယခုကဲ့သို့ နွေရာသီတွင် မြေပြန့်မြို့များမှ ပြင်ဦးလွင်မြို့သို့ မိသားစုအလိုက်၊ အဖွဲ့အလိုက် လာရောက် အနားယူအပန်းဖြေကြသည်။ မျက်နှာပန်းလှ အိမ်အပြန် လက်ဆောင်ဝယ်ရာတွင်လည်း ပြင်ဦးလွင်မြို့၏ နာမည်ကြီး စတော်ဘယ်ရီသီးများကို သူ့ထက်ငါ အပြိုင်အဆိုင် အလုအယက် ဝယ်ယူကြပြန်သည်။

ပြင်ဦးလွင် မြို့နယ်အတွင်းရှိ ညောင်သာရွာသည် စတော်ဘယ်ရီသီးများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသော ကျေးရွာလည်းဖြစ်သည်။ စတော်ဘယ်ရီစိုက်ခင်းများစွာအနက်မှ ညောင်သာရွာ စတော်ဘယ်ရီစိုက်ခင်းရှင် တစ်ဦးဖြစ်သော ဒေါ်ရွှေစာက "တကယ်တော့ ဒီစတော်ဘယ်ရီသီး အပင်တွေကို ဝါခေါင်လကတည်းက စိုက်ပျိုးရပါတယ်။ စိုက်ပျိုးပြီး ရက်ပေါင်း ၉၀ ကျော်ရင်တော့ အသီးလှ၊ ရောင်းတမ်းဝင် အသီးရပြီပေါ့။ မခူးမဆွတ်ဘဲလည်း ထားလို့ရတယ်။ မိုးတွင်းဆိုတော့ ဈေးက အရနည်းတယ်လေ။ ဒီနွေဦးပေါက်ရာသီမှာ ပူလည်းပူလာတော့ စတော်ဘယ်ရီသီးတွေ အစားများ လာပြီလေ။ ဈေးကောင်းလည်းရပြီ ပေါ့"ဟု ပြောကြားသည်။

တစေ့တစောင်း

အဆိုပါ စတော်ဘယ်ရီပင်သည် အခြားစိုက်ပျိုးသီးနှံဖြစ်သော ကြက်သွန်များနှင့်လည်း တွဲဖက်၍ စိုက်ပျိုးနိုင်သည်။ စတော်ဘယ်ရီပင်များကို သက်တမ်းရင့်လာပါက မနုတ်ပစ်ဘဲ ထားလိုက ထားနိုင်သည်။ အသစ်တစ်ဖန် ပြန်လည်စိုက်ပျိုး မည်ဆိုပါက အမြစ်ဥများကို ခွဲစိတ်ပြီး စိုက်ပျိုးနိုင်ကြောင်းသိရသည်။ စတော်ဘယ်ရီအပင်သည် စိုက်ပျိုးသူကို ကရိကထ မများစေဘဲ ဝင်ငွေတိုးစေသော အပင်မျိုးလည်း ဖြစ်သည်။ ထို့ကြောင့် စတော်ဘယ်ရီအပင်များ စိုက်ပျိုးသူများ ဝင်ငွေတိုးလျက်ရှိကြောင်း တစေ့တစောင်း တင်ပြလိုက်ရပါသည်။ **မောင်မောင်စိုး-မြစ်ငယ်**

အသားတိုးနွားနှင့် နို့စားနွား မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်

မန္တလေး မတ် ၁၃

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်သန်းသည် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ဗဟို)ဒုတိယဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြတ်ထွဋ်တို့ လိုက်ပါလျက် မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ကံကြီးကျေးရွာ သာလွန်မွေးမြူရေးကုမ္ပဏီလီမိတက် အသားတိုး နွားမွေးမြူရေးခြံသို့ မတ် ၉ ရက် နံနက် ၁၀ နာရီခွဲက ရောက်ရှိစစ်ဆေးရာ သာလွန်မွေးမြူရေးကုမ္ပဏီလီမိတက် ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာအောင်ခိုင်သန်းက အသားတိုးနွား မွေးမြူထားရှိမှုနှင့် ဆက်လက်တိုးချဲ့မွေးမြူရေး အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက နွားမွေးမြူရေးခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ နွားများကို စနစ်တကျ မွေးမြူဆောင်ရွက်ထားရှိရေး၊ အသားတိုးနွားများ၏ အသားတိုးနှုန်းစာရင်းများကို တိကျမှန်ကန်စွာ တွက်ချက်ထားရှိဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ်အတွက် မီးသတိပြုရေးနှင့် လုပ်ငန်းလိုအပ်သည်များကို မှာကြားခဲ့သည်။ ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မန္တလေး-မတ္တရာ-မိုးကုတ်ကားလမ်း အရှေ့ဘက်ရှိ ကုလားမတောင်ကျေးရွာ ရွှေအိုး နို့စားနွားမွေးမြူရေးခြံသို့ ရောက်ရှိစစ်ဆေးရာ ခြံပိုင်ရှင် ဦးတင်ဝင်းက ခြံအတွင်း မွေးမြူထားသော နို့စားနွားများကို လိုက်လံ ရှင်းလင်းပြသခဲ့သည်။

အဆိုပါ သာလွန်မွေးမြူရေးကုမ္ပဏီလီမိတက် မန္တလေးတိုင်းဒေသကြီး အသားတိုးနွားမွေးမြူရေး ခြံတွင် အသားတိုး နွား ၂၄၇ ကောင်၊ နွားသိုးနှစ်ကောင်၊ နွားမတစ်ကောင်၊ နို့စားနွားကိုးကောင် စုစုပေါင်း ၂၅၉ ကောင်ကို မွေးမြူထားရှိပြီး မကြာမီ မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်တွင်လည်း အသားတိုးနွားများနှင့် နို့စားနွားများကို ဆက်လက်တိုးချဲ့မွေးမြူသွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ရောဝတီတံတားကိုဖြတ်၍ ပခုက္ကူသို့ ကုန်သွယ်အားကောင်းလာ

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းတွင် ဆင်တဲဝချောင်းသည် နာမည်ကြီးလှသည်။ ချောင်းကြီးကိုအမှီပြု၍ ကြက်သွန်၊ မုန်လာ၊ ဗာဂျီးနီးယားဆေးများ စိုက်ကြသည်မှာ စိမ်းလန်းစိုပြည်လျက် တစ်မျှော်တစ်ခေါ်ရှိကြောင်း သိရသည်။ ဆင်တဲဝချောင်းအနောက်ဘက် ဧရာဝတီမြစ်ကမ်းဘေးက ကျေးရွာများသည် ဗာဂျီးနီးယားဆေးများ စိုက်ပျိုးကြသည်။

ငါးပဋ္ဌင်ရွာသည် ငရုတ်၊ ဂန္ဓမာ၊ မေမြို့၊ ဒေါနှ၊ ဟော်လန်၊ သစ္စာပန်းများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ ယခင်မြင်းခြံနှင့်ကုန်စည်ကူးသန်းမှု အားကောင်းခဲ့ကြောင်း သိရသည်။ ယခုအခါ ဧရာဝတီမြစ်ကူး ပခုက္ကူတံတားကြီးကြောင့် ပခုက္ကူမြို့သို့ ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု အားကောင်းလာသည်။

ဗာဂျီးနီးယားဆေး အစို ပိဿာ ၁၀၀ ပေါင်းက အခြောက် ၁၅ ပိဿာခွဲ ထွက်သည်ဟု ဆေးစိုက်တောင်သူတစ်ဦးက ပြောသည်။

အရှုံးပြ

ကျောဇီရွာကြီးတွင်မူ သဲသောင်ပြင်များ၌ ကြက်သွန်နီများ စိုက်ပျိုးအောင်မြင်သော်လည်း ကြက်သွန်တစ်ပိဿာလျှင် ငွေကျပ် ၂၅၀ ဝန်းကျင်သာရ၍ စိုက်ပျိုးသူ တောင်သူများ အရှုံးပြနေကြောင်း သိရသည်။ "ကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၂၅၀ ဆိုပေမယ့် ကျွန်တော်တို့လည်း မဝယ်ရဲ မလျှောင်ရဲပါဘူး။ သင်္ကြန်ပြီးရင် ယောချောင်း ကြက်သွန်ကပေါ်တော့မှာ၊ ဈေးကစားဖို့နေနေသာသာ အရှုံးတောင် ပြနေပါတယ်ဗျာ"ဟု ပခုက္ကူ ကြက်သွန်ပွဲစားကြီးတစ်ဦးက ပြောကြားသည်။

နေဦးမောင်(ပခုက္ကူ)

အသေးစားကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူများအား ငွေများထုတ်ချေး

မလှိုင် မတ် ၁၃

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံသည် မတ် ၃ ရက် မွန်းလွဲပိုင်းက မလှိုင်မြို့နယ်အတွင်းရှိ နှီးဖျာလုပ်ငန်းလုပ်ကိုင်သူ အသေးစားကုန်ထုတ်လုပ်ငန်းရှင်များ၊ ထန်းတောင်သူများနှင့်မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးပြီး ချေးငွေများထုတ်ချေးပေးခဲ့သည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးက "ကျေးလက်ဒေသနေပြည်သူများလူမှုစီးပွားဘဝမြှင့်တင်နိုင်ရန်အတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံငွေလုံလုံလောက်လောက် ရရှိဖို့လိုကြောင်း၊ ထို့ကြောင့် ချေးငွေများ တရစပ်ရရှိရေးအတွက် အစိုးရအဖွဲ့က ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရရှိတဲ့ချေးငွေများကို စနစ်တကျ သုံးစွဲပြီး အသုံးတည့်ဖို့လိုကြောင်း ချေးငွေများအပေါ် အသုံးလွဲပြီး ဝန်ထုပ်ဝန်ပိုး မဖြစ်စေလိုကြောင်း" ပြောကြားသွားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးသည် မြင်းဦးလှည့်ကျေးရွာအုပ်စု ရေရင်ကျေးရွာမှ အသေးစားကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ နှီးဖျာတောင်သူ ၇၄ ဦးအတွက် ချေးငွေကျပ် ၃၇ သိန်း၊ ကံတွင်းကျေးရွာအုပ်စု ရွာငွေ့ကျေးရွာမှ အသေးစားကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ နှီးဖျာတောင်သူ ၁၃၅ ဦးအတွက် ချေးငွေကျပ် ၆၇ ဒသမ ၅ သိန်း၊ စုစုပေါင်း ငွေကျပ် ၁၀၄ ဒသမ ၅ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(ဝ၈၃)**

စာပေမြင့်မှ လူမျိုးတင့်မည်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၄

ဒေါ်မြင့်မြင့်ဦး နှင့် ၁။ ဒေါ်ညွှန့်ကြည်

၂။ ဒေါ်ခင်စန်းကြည်

တရားလို **တရားပြိုင်များ**

အမှတ်(၂)တရားပြိုင်ဒေါ်ခင်စန်းကြည် အခန်းအမှတ်-B-2၊ပထမထပ်၊ ခေါင်ရင်းခန်း၊ တိုက်အမှတ်၁၈၊ အနောက်မျဉ်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်နေထိုင်သူ (ယခုနေရပ်လိပ်စာမသိသူ) သိရှိစေရမည်။

သင့်အပေါ်၌ တရားလိုက တိုက်ခန်းလက်ရောက်ရလိုမှု (သို့မဟုတ်) တိုက်ခန်းဖိုးငွေနှင့် နစ်နာကြေးငွေ စုစုပေါင်းငွေကျပ်၂၅၀၀၀၀၀ဝိ/ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၅ ရက်(၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။

သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လုံသိမ်း)

ဒုတိယခရိုင်တရားသူကြီး(၁)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အမည်ပြောင်း

ရွှေပေါက်ကံမြို့၊ အမှတ်(၄၈)၊ အလယ်တန်းကျောင်းခွဲ၊ သူငယ်တန်းမှ ဦးစောဝင်းသက် ၈/ခမန (နိုင်) ၀၀၀၀၂၆ ၏သား မောင်သက်ဇင်စိုးအား ယနေ့မှစ၍ မောင်သက်ဇင်ဟု ပြောင်းလဲခေါ်ပါရန်။

ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးကျော်ကျော်ဦး ၁၄/မမန (နိုင်)၂၄၁၆၂၄ ၏ ရေယာဉ်အုပ်လက်မှတ် ဆ·ဒ·၀၅၀ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၈၀၂၁၁၉၀

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်မျိုးမင်းဇော်၏ သွင်းကုန်ပါမစ်အမှတ် ISP IDV8 12-13 30131 07/02/13 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၆၁၃၀၀၀၊ ၀၁-၉၆၈၈၈၀၀

အမည်ဖြည့်စွက်

ဦးတင်မြင့်၏သမီး မနော်ရီဘက်ခါ ၁၂/အစန(နိုင်)၂၁၃၉၃၇ အား မနော်ရီဘက်ခါမြင့်ဟု ဖြည့်စွက်ခေါ်ပါသည်။

မနော်ရီဘက်ခါမြင့်

ချောင်းသာ / ငွေဆောင်
နံနက်/ည
Ph : 703790,09-861-9008
707062,09-861-7770

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Ph. 209077 ,09-731 67000
209388 ,09-731 68000

ကန့်ကွက်နိုင်ပါသည်

L.L.B., DBL, CBL

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) အပြည်ပြည်ဆိုင်ရာ စစ်တုရင်ဖိတ်ခေါ်ပြိုင်ပွဲ ဆုချီးမြှင့်

မန္တလေး မတ် ၁၃

အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)နှင့် မန္တလေးတိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီတို့ပူးပေါင်း၍ ကျင်းပသည့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် သက်တမ်းအလိုက် အပြည်ပြည်ဆိုင်ရာ စစ်တုရင်ဖိတ်ခေါ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို မတ် ၉ ရက် မွန်းလွဲ ၂ နာရီက အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ပင်မသုံးထပ်ဆောင်ခန်းမ၌ ကျင်းပရာ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးသိန်းထွန်းလတ်က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး စစ်တုရင် ဆပ်ကော်မတီအတွင်းရေးမှူး ဦးနေဝင်းက ပြိုင်ပွဲကျင်းပမှုနှင့် ဆုရရှိမှု အခြေအနေကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အသက် ၁၄ နှစ်အောက် အမျိုးသားနောက်ဆုံးပွဲစဉ် ပြိုင်ပွဲသရုပ်ပြသခြင်းပြုလုပ်ပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် သက်တမ်းအလိုက် ၁၀ နှစ်အောက်၊ ၁၂ နှစ်အောက်၊ ၁၄ နှစ်အောက်၊ ၁၆ နှစ်အောက် ပြိုင်ပွဲများ ကျင်းပခဲ့ရာ ပထမ၊ ဒုတိယ၊ တတိယရရှိသည့် ကျောင်းသား ကျောင်းသူများအား

ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးသိန်းထွန်းလတ်၊ ဒုတိယ ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ခိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးကျော်လွင်နှင့် မန္တလေးတိုင်းဒေသကြီး စစ်တုရင် ဆပ်ကော်မတီမှ အတွင်းရေးမှူး ဦးနေဝင်းတို့က ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(အား/ကာ)

မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြု

မန္တလေး မတ် ၁၃

ရန်ကုန်မြို့၌ ကျင်းပခဲ့သော ပြည်ထောင်စုဖလား ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ဆုရရှိကြသော မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများအား မတ် ၁၂ နံနက် ၁၀ နာရီက မန္တလေးမြို့ ဗထူးအားကစားကွင်းရှိ ဗထူးကာယဗလ ကာယအလှလေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဟန်မြိုင်တို့က ဂုဏ်ပြုစကားပြောကြားကြပြီး ၈၀ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရ အောင်အောင်အား ဥက္ကဋ္ဌ ဦးဟန်မြိုင်က ဆုငွေကျပ် သုံးသိန်း၊ ၉၀ ကီလိုတန်းပြိုင်ပွဲတွင် သင်းဝင်းအား ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်က ဆုငွေကျပ် နှစ်သိန်းနှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ ၅ ပေ ၃ လက်မအထက်ပြိုင်ပွဲတွင် ဒုတိယဆုရ ခိုင်ဝေလွင်အား တိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီအဖွဲ့ဝင် ဒေါ်မေသက်မော် (မော်မော်စန်းထိုးမုန့်)က ဆုငွေကျပ် နှစ်သိန်းတို့ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** **(ဝ၄၀)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စွမ်းအင်ဝန်ကြီးဌာန

မော်တော်ယာဉ်များအား ရေနံဓာတ်ငွေ့ရည်သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ခြင်း (LPG Conversion) နှင့် မော်တော်ယာဉ်သုံး ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင် (LPG Filling Station) များတည်ဆောက်ဖွင့်လှစ်ရောင်းချခြင်း လုပ်ငန်းများဆောင်ရွက်ရန်အတွက် အဆိုပြုလွှာများခေါ်ယူခြင်း

၁။ မော်တော်ယာဉ်များအား ရေနံဓာတ်ငွေ့ရည်သုံးမော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ခြင်း (LPG Conversion) နှင့် မော်တော်ယာဉ်သုံး ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင် (LPG Filling Station) များတည်ဆောက်ဖွင့်လှစ်ရောင်းချခြင်းလုပ်ငန်းများ လုပ်ကိုင်လိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များသည် လုပ်ငန်းများအလိုက် လုပ်ကိုင်လိုသည့် နေရာဒေသ၏ လိပ်စာအတိအကျနှင့် အကျယ်အဝန်းဖော်ပြ၍ စွမ်းအင်ဝန်ကြီးဌာနသို့ အဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်။

၂။ LPG Conversion, LPG Filling Station တည်ဆောက်ဖွင့်လှစ်ရောင်းချခြင်း၊ LPG တင်သွင်းခြင်းနှင့် သိုလှောင်ခြင်းများကို မိမိအစီအစဉ်ဖြင့်သာ ဆောင်ရွက်ရမည်။

၃။ LPG Conversion ဆောင်ရွက်ခြင်းနှင့် LPG Filling Station တည်ဆောက်ခြင်းတို့အတွက် မြေနေရာပိုင်ဆိုင်မှုအထောက်အထား၊ အဆိုပါမြေနေရာတွင် ရေနံဓာတ်ငွေ့ရည်လုပ်ငန်းလုပ်ကိုင်မည်ဆိုပါက ပတ်ဝန်းကျင်ထိခိုက်မှုနှင့် ဘေးအန္တရာယ်ကျရောက်စေနိုင်ခြင်း မရှိကြောင်းကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတို့မှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်ပါရှိရမည်။

၄။ တင်သွင်းမည့် ရေနံဓာတ်ငွေ့ရည် (LPG) သည် စွမ်းအင်ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် အရည်အသွေး Specification နှင့် ကိုက်ညီရမည်။

၅။ လုပ်ကိုင်ခွင့်ရရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များသည် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် ဘေး အန္တရာယ်ကျရောက်ခြင်းမရှိစေရေးအတွက် စွမ်းအင်ဝန်ကြီးဌာနမှ ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။ စွမ်းအင်ဝန်ကြီးဌာနမှ အခါအားလျော်စွာ ဖွင့်လှစ်ပို့ချသည့် ရေနံဓာတ်ငွေ့ရည်ဆိုင်ရာသင်တန်းများသို့ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ဝန်ထမ်းများအားလုံး တက်ရောက်ရန် လိုအပ်ပါမည်။

၆။ မော်တော်ယာဉ်များအား ရေနံဓာတ်ငွေ့ရည်သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ခြင်း (LPG Conversion) နှင့် မော်တော်ယာဉ်သုံး ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင် (LPG Filling Station) တည်ဆောက်ဖွင့်လှစ်ရောင်းချခြင်းလုပ်ငန်းတို့နှင့် ပတ်သက်သည့် ကိစ္စများကို အောက်ဖော်ပြပါလိပ်စာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။
ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
ရုံးအမှတ် ၄၄၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၀၅၀

၇။ လျှောက်ထားသူများအနေဖြင့် အဆိုပြုလွှာများကို အောက်ဖော်ပြပါလိပ်စာသို့ လိပ်မူ၍ ပေးပို့တင်ပြရန်ဖြစ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ်-၆၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၀၆၀

ခြင်ဆေးမီးပွား
သတိမထားက
စီးပွား၊
ဥစ္စာ
ကုန်လိမ့်မည်

နေပြည်တော် ဖိတ်ခေါ်လက်သိုင်းပြိုင်ပွဲကျင်းပမည်

နေပြည်တော် မတ် ၁၃

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကာ နေပြည်တော်ဖိတ်ခေါ်လက်သိုင်းပြိုင်ပွဲ (Invitation of Nay Pyi Taw Pencak Silat Compitition) ကို မတ် ၂၂ ရက်မှ ၂၆ ရက် အထိ နေပြည်တော်ရှိ ဇေယျာသီရိအားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်မြန်မာ(က)(ခ)၊ အင်ဒိုနီးရှား၊ မလေးရှား၊ လာအိုနိုင်ငံတို့ ပါဝင်လာမည်ဖြစ်ပြီး တစ်ဦးချင်းအတိုက် (Tanding) ပြိုင်ပွဲ၊ တစ်ဦးချင်းအပြ (Tunggal) ပြိုင်ပွဲ၊ နှစ်ယောက်တွဲအပြ (Ganda) ပြိုင်ပွဲ၊ သုံးယောက်တွဲအပြ (Regu) ပြိုင်ပွဲစသည့် ပြိုင်ပွဲအမျိုးအစားလေးမျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း ၄င်းကပြောကြားသည်။

လက်ခံကျင်းပ

ပြိုင်ပွဲဝင်နိုင်ငံများအနေဖြင့် အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားစုစုပေါင်း ၂၇ ဦး ပါဝင်ခွင့်ရရှိရန် ဖိတ်ကြားထားပြီး ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ Pencak Silat အဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲအဖြစ် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် လက်ခံကျင်းပသွားခြင်း ဖြစ်ကြောင်းလည်း သိရသည်။

မြန်မာ Pencak Silat အသင်းအနေဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း(Gold Camp)တွင် ပြင်ပနည်းပြ သုံးဦး၊ ပြည်တွင်းနည်းပြ ငါးဦး၊ အားကစားသမားကျား ၂၂ ဦး၊ မ ၁၀ ဦး စုစုပေါင်း ၄၀ ဖြင့် စခန်းဝင် လေ့ကျင့်လျက်ရှိသည်။

ပြောကြား

လက်ရှိစခန်းဝင်လေ့ကျင့်လျက်ရှိသော အားကစားသမားများအား လာမည့် ဧပြီ နှင့် မေ နှစ်လတာ အချိန်ကာလအတွင်း အင်ဒိုနီးရှားနိုင်ငံသို့ ပူးတွဲလေ့ကျင့်ရေး သွားရောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး 27th SEA Games ပြိုင်ပွဲတွင် အောင်မြင်မှုရရှိနိုင်ရေးအတွက် လာမည့် ဇွန်လတွင်လည်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုလက်ရည်စစ်ပွဲနှင့် (၄)ကြိမ်မြောက် အရှေ့တောင်အာရှ Pencak Silat ပြိုင်ပွဲ(4th SEA Pencak Silat Championship-2013)ကို ထပ်မံလက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိုင်း အဖွဲ့ချုပ်၏ နာယက ဆရာကြီးတစ်ဦးက ပြောကြားသည်။ **(အား/ကာ)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပုသိမ်ကြီးမြို့နယ် ပုဏ္ဏားကုန်းကျေးရွာ အလှူပွဲလာ ဧည့်ပရိသတ်များ အစာအဆိပ်သင့်လက္ခဏာဖြစ်ပွားခဲ့မှုတွင် တစ်ဦးတစ်ယောက်မျှ အဖိတ်အစဉ်မရှိ

မန္တလေး မတ် ၁၃

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ကျေးရွာအုပ်စု ပုဏ္ဏားကုန်းကျေးရွာတွင် မတ် ၉ ရက် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်က ဝမ်းပျက်ဝမ်းလျှော ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်ပွားရာကျေးရွာသို့ ပုသိမ်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စိုး၏ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်မျိုးနိုင်၊ ကျန်းမာရေးမှူး ဒေါ်ဝင်းဝင်းထက်တို့နှင့် ကျန်းမာရေးဝန်ထမ်းများက ပုဏ္ဏားကုန်းကျေးရွာရှိ ဓမ္မာရုံတွင် အချိန်မီ ကျန်းမာရေးဆေးစစ်မှုများပြုလုပ်ပေးကြပြီး လူမှုကူညီရေးကားများဖြင့် ပို့ပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီ၊ မီးသတ်၊ လူမှုရေးအသင်းများက ပုဏ္ဏားကုန်း၊ ငွေ့ကြီးကုန်း၊ မိုင်ကုန်း၊ မြို့သာကုန်း စသည့်ကျေးရွာများအတွင်း ကွင်းဆင်းရှာဖွေ၍ လူမှုကူညီရေးကားများဖြင့် ခေါ်ယူကာ ယာယီကယ်ဆယ်ရေးစခန်းဖြစ်သည့် ပုဏ္ဏားကုန်းဓမ္မာရုံသို့ အချိန်မီပို့၍ ဆေးကုသမှုခံယူစေနိုင်ခဲ့ခြင်းကြောင့် အသက်အန္တရာယ် မထိခိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုဏ္ဏားကုန်းကျေးရွာတွင် အလှူပွဲရှိ၍ အလှူပွဲလာ ဧည့်သည်များသည် ကျွေးမွေးသော ထမင်းနှင့်အတူ ပဲဟင်း၊ ငါးခြောက်၊ သရက်ချဉ်သုပ်၊ ငရုတ်သီးကြော် စသည့် အလှူထမင်းနှင့် ဟင်းများကို စားသုံးကြပြီးနောက် ဒေသခံရွာသူရွာသား ၁၅၀ ကျော်တို့ အစာအဆိပ်သင့်ရောဂါလက္ခဏာ မူးဝေ အော့အန် ဝမ်းပျက်ဝမ်းလျှောဖြစ်ပေါ် လာကြခြင်းဖြစ်ပြီး ပုသိမ်ကြီးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသမှုခံယူရာ လူနာ ၉၀ နီးပါးသာ အစာအဆိပ်သင့်ကြောင်း ယူဆရပြီး ကျန် ၇၀ နီးပါးမှာ ရာသီဥတုအကူးအပြောင်း ခန္ဓာကိုယ်လက်ကိုက်ခဲ၊ တုပ်ကွေးဖြစ်လူနာများသာ ဖြစ်ကြောင်း၊ အစာအဆိပ်သင့်သည်ဟု ယူဆရသည့် လူနာများထဲမှ တစ်ဦးတစ်ယောက်မျှ ရောဂါပြင်းထန်၍ မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးသို့ ပို့ဆောင်ရခြင်းမရှိကြောင်း၊ ပုသိမ်ကြီးပြည်သူ့ဆေးရုံကြီးတွင် မူလက လူနာ ၂၀ ပို့ဆောင်ကုသမှုခံယူခဲ့ရာမှ ၁၄ ဦးမှာ ဆေးရုံမှ ပြန်ဆင်းခဲ့ပြီး ဆေးရုံတွင် ခြောက်ဦးသာ (မစိုးရိမ်ရ) ကျန်ခဲ့ကြောင်း၊ အဆိုပါအလှူမှ ကျွေးမွေးသောအစားအသောက် စားသုံးသူများတွင် အော့အန်ခြင်း၊ မူးဝေခြင်း၊ ဝမ်းပျက်ခြင်းများ ခံစားရမှုအခြေအနေအမှန် အကြောင်းအရင်း သိရှိနိုင်ရန်အတွက် အလှူဟင်းများကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ စစ်ဆေးနေဆဲဖြစ်ကြောင်း မြို့နယ်ဆရာဝန်ကြီးက ရှင်းပြသည်။ **(ဝ၄ဝ)**

ကျန်းမာရေးဝန်ထမ်းများက ယာယီကယ်ဆယ်ရေးစခန်း၌ အချိန်မီ ဆေးကုသမှုပေးနေစဉ်။

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၁၃

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်မှာ တစ်ပြည်လုံးတွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်နှင့် မင်းဘူးမြို့တွင် ၄၀ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

သစ်တောသစ်ပင် တို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး



လမ်း – တံတားဂိတ်များကောက်ခံနှုန်း ယခင်နှစ်ထက်လျော့နည်းလာ

ရန်ကုန် မတ် ၁၃

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် လမ်းတံတားဂိတ်များ လေလံလုပ်ကိုင်ခွင့်ပေးမည့်အစီအစဉ်တွင် ဖော်ပြထားချက်အရ ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်အတွင်းရှိ ကောက်ခံနှုန်းအဆင့် 'ဃ' ရှိ လှိုင်မြစ်ဖြတ် ဘုရင့်နောင်တံတား၏ စံနှုန်းစာရင်းအရ ၂၀၁၃-၂၀၁၄ ပဆင ကြမ်းခင်းဈေးမှာ ယခင်နှစ်ထက် ကျပ်သိန်းပေါင်း ၆၆၀၄ ဒသမ ၃၉ လျော့နည်းလာသကဲ့သို့ ဧရာဝတီတိုင်းဒေသကြီးရှိ မအူပင်ခရိုင်တွင် ကောက်ခံနှုန်းအဆင့် 'က' ရှိ ဧရာဝတီမြစ်ကူးတံတားဖြစ်သော ဗိုလ်မြတ်ထွန်းတံတား (စီမံကိန်း)သည်လည်း ကျပ်သိန်းပေါင်း ၁၉၀၈ ဒသမ ၇၅ လျော့နည်းလာကြောင်း သိရှိရသည်ဟု မြစ်ဝကျွန်းပေါ် ကားဂိတ်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

အဆိုပါအစီအစဉ်များကို ဖေဖော်ဝါရီ ၂၇ ရက်ထုတ်ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တစ်လနှစ်ကြိမ်ထုတ် သတင်းဂျာနယ်တွင် အချပ်ပိုအဖြစ်ပူးတွဲထည့်သွင်းပေးထားရာမှ ကားဂိတ်လုပ်ငန်းရှင်များ သိရှိခြင်းဖြစ်ကြောင်း ဆိုသည်။

ဘုရင့်နောင် တံတားအတွက် စံနှုန်းစာရင်းအရ ၂၀၁၂-၂၀၁၃ တွင် ပဆင ကြမ်းခင်းဈေး ကျပ်သိန်းပေါင်း ၁၀၆၀၄ ဒသမ ၃၉ ဖြစ်ပြီး ယင်းနှစ်အတွက် အတည်ပြုလေလံဈေးနှုန်းဖြစ်ခဲ့သော်လည်း ၂၀၁၃-၂၀၁၄ တွင် စံနှုန်း စာရင်းအရ ပဆင ကြမ်းခင်းဈေးမှာ ကျပ်သိန်းပေါင်း ၃၉၉၀ သာရှိနေကြောင်း၊ ထို့အတူ ဧရာဝတီမြစ်ဖြတ် ဗိုလ်မြတ်ထွန်းတံတား၏ ၂၀၁၂-၂၀၁၃ တွင် ပဆင ကြမ်းခင်းဈေးနှင့် အတည်ပြုလေလံဈေးနှုန်းမှာ ကျပ်သိန်းပေါင်း ၆၀၂၅ ဒသမ ၇၅ ဖြစ်ပြီး ၂၀၁၃-၂၀၁၄ တွင် ပဆင ကြမ်းခင်းဈေးမှာ ကျပ်သိန်းပေါင်း ၄၁၁၇ သာဖြစ်ကြောင်း အဆိုပါ အစီအစဉ်ပါ အချက်အလက်များအရ သိရသည်။

ရထားလမ်းနှင့်ကားလမ်းပါ ဧရာဝတီမြစ်ဖြတ်ညောင်တုန်း တံတားသစ်ကို ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း ဖွင့်လှစ်ခြင်း၊ ဘုရင့်နောင်တံတား အမှတ် (၂) တည်ဆောက်နေခြင်းတို့ကြောင့် ၂၀၁၃-၂၀၁၄ စံနှုန်းစာရင်းများတွင် ကြမ်းခင်းဈေးနည်းသွားခြင်းဖြစ်နိုင်သည်ဟု ကားဂိတ်လုပ်ငန်းရှင်များက ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်မြစ်ဖြတ်တံတားသုံးစင်းဖြစ်သော ဘုရင့်နောင်(ကောက်ခံနှုန်းအဆင့် ဃ)၊ အောင်ဇေယျ ကြိုးတံတားနှင့် ရွှေပြည်သာတံတား (ကောက်ခံနှုန်းအဆင့် ဂ)တို့၏ ယခုနှစ် ပဆင လေလံကြမ်းခင်းဈေးတွင် အောင်ဇေယျတံတားသည် ကျပ်သိန်းပေါင်း ၃၈၉၆ ဒသမ ၉၄ သိန်း၊ ရွှေပြည်သာတံတားသည် ကျပ်သိန်းပေါင်း ၂၅၉၈ ဒသမ ၈၄ သိန်း မြင့်တက်လာကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီး အနောက်ခြမ်း မြစ်ကူးတံတားများတွင်သာ တံတားအသုံးပြုခကောက်ခံသော်လည်းအရှေ့ခြမ်းရှိ ပုဇွန်တောင်ချောင်း (ငမိုးရိပ်ချောင်း) ဖြတ် မဟာဗန္ဓုလ ကြိုးတံတားအပါအဝင် တံတားအသုံးပြုခကောက်ခံမှုမရှိဟု ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော ခေါက်တိုယာဉ်များက ဆိုသည်။

(ခင်ဆိုင်)

တက္ကသိုလ်ဝင်စာမေးပွဲ ရခိုင်ပြည်နယ်၌ဝင်ရောက်ဖြေဆိုသူ နှစ်သောင်းလေးထောင်ကျော်ရှိ

စစ်တွေ မတ် ၁၃

၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ၂၀၁၃ ခုနှစ် မတ် ၁၃ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးတွင် ကျင်းပလျက်ရှိရာ ရခိုင်ပြည်နယ်တွင်လည်း ဝင်ရောက်ဖြေဆိုသူများပြားကြောင်း တွေ့ရှိရသည်။

ရခိုင်ပြည်နယ်တွင် ပလက်ဝမြို့နယ်အပါအဝင် စာစစ်ဌာန ၇၅ ခုရှိသည်။ အဆိုပါ စာစစ်ဌာနများတွင် ဖြေဆိုခွင့်လျှောက်ထားသူ ကျား ၁၂၃၅၉ ဦး၊ မ ၁၂၄၇၃ ဦး စုစုပေါင်း ၂၄၈၃၂ ဦးရှိသည်။ ၂၀၁၃ ခုနှစ် မတ် ၁၃ ရက် စာမေးပွဲ စစ်သောနေ့တွင် လာရောက်ဖြေဆိုကြသူများမှာ ရခိုင်ပြည်နယ်တွင် ကျား ၁၁၀၅၄ ဦး၊ မ ၁၁၆၂၄ ဦး စုစုပေါင်း ၂၂၆၇၈ ဦးရှိကြောင်း သိရသည်။ ရခိုင်ပြည်နယ် ပညာရေး ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြည်နယ်တစ်ခုလုံးရှိ စာစစ်ဌာနများတွင် စာဖြေသူ ကျောင်းသား ကျောင်းသူများ အေးဆေးတည်ငြိမ်စွာ စာဖြေကြသည်ဟု သိရကြောင်း၊ မြို့နယ်တိုင်းတွင် အခက်အခဲ တစ်စုံတစ်ရာမျှမရှိကြောင်း ပြောပြသည်။ " ဒီနေ့တော့ စာဖြေရတာ လွယ်ပါတယ်။ ကျက်ထားလေ့လာထားတာတွေလည်း ပါလာပါတယ်။ဖြေဆိုရတာ အေးအေးဆေးဆေးပါပဲ" ဟု စစ်တွေ အထက (၁) စာစစ်ဌာနတွင် ဝင်ရောက်ဖြေဆိုနေသူ ကျောင်းသူတစ်ဦးက ပြောပြသည်။

စောလွင်(စစ်တွေ)

ယဉ်ကျေးမှုသင်တန်းဆင်း

ရန်ကုန် မတ် ၁၃

ရန်ကင်းမြို့နယ် (၁၄) ရပ်ကွက် အရိယမဂ္ဂင် သာသနာ့ရိပ်သာတွင် ဒသမအကြိမ်မြောက် ကလေးယဉ်ကျေးမှုသင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၁၃ ရက် နံနက်က အဆိုပါ ကျောင်းတိုက်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ဆရာတော် ဦးသုမန(M.A) ထံမှ သြဝါဒစကားနာယူကြပြီး အကြီးတန်းစာဖြေ ပထမဆုရ မောင်သူရိန်ဇော် လက်ရေးလှဆု၊ စာစီစာကုံးဆု၊ အင်္ဂလိပ်စာစွမ်းရည်ဆုရရှိသူများအား ကျောင်းတိုက်ဆရာတော်က ဂုဏ်ပြုလက်မှတ်နှင့် ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

(၀၄၄)

ပြည်တွင်းသတင်း

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အဖွဲ့ဝင်များ ထိုင်းနိုင်ငံ ငါးလုပ်ငန်းကဏ္ဍများ လေ့လာမည်

သတင်းမှတ်စု – ညွန့်သန်း

မြန်မာနိုင်ငံ၌ ငါးမွေးမြူရေးလုပ်ငန်းကို နှစ်ပေါင်းများစွာကတည်းက မွေးမြူလုပ်ကိုင်ခဲ့ကြသည်။ ယင်းသို့ လုပ်ကိုင်ရာတွင် ငါးမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် အခက်အခဲအမျိုးမျိုးနှင့်လည်း ရင်ဆိုင်ခဲ့ကြရကြောင်း သိရှိရသည်။ ငါးမွေးမြူရေးလုပ်ငန်းသည် သမားရိုးကျ မိရိုးဖလာ ငါးမွေးမြူရေးလုပ်ငန်းအဆင့်၌သာရှိနေကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

တင်ပို့ရောင်းချ

အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် ဗီယက်နမ်နိုင်ငံသည် ခေတ်မီငါး/ပုစွန်မွေးမြူရေးစနစ်များဖြင့် မွေးမြူလုပ်ကိုင်ခြင်းကြောင့် ငါးပုစွန်များကို ကမ္ဘာ့ဈေးကွက်သို့ အလုံးအရင်းဖြင့် တင်ပို့ရောင်းချနိုင်လျက်ရှိသည်။

ငါးမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ငါးပုစွန်မွေးမြူရေးကဏ္ဍ ခေတ်မီတိုးတက်လာရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းရာတွင် အထောက်အကူပြုစေရန် အိမ်နီးချင်းထိုင်းနိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ငါးလုပ်ငန်းကဏ္ဍများအား မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ဦးဆောင်၍ အဖွဲ့ဝင် ၃၀ ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၃ ရက်မှ ၁၅ ရက်အထိ သွားရောက်လေ့လာကြမည်ဟု သိရသည်။

"မြန်မာနိုင်ငံရဲ့ ငါးမွေးမြူရေးလုပ်ငန်းများကို လက်ရှိအဆင့်မှ ခေတ်မီငါးမွေးမြူရေးလုပ်ငန်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် ယခုလိုလေ့လာရေးခရီးသွားရောက်ရခြင်းဖြစ်ပါတယ်။ ထိုင်းနိုင်ငံရဲ့ အောင်မြင်တဲ့ခေတ်မီငါးမွေးမြူရေးလုပ်ငန်းများကို ကျွန်တော်တို့ လေ့လာခွင့်ရရှိပြီး အောင်မြင်အောင်ကြိုးစားချင်စိတ်တွေ ဖြစ်ထွန်းလာမယ်လို့ ယုံကြည်မျှော်လင့်ပါတယ်"ဟု ဦးဝင်းကြိုင်က ရှင်းပြသည်။

တက်ရောက်

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗန်ကောက်မြို့၌ ကျင်းပမည့် Livestock and aqua Exhibition (VIV Bangkok 2013)သို့လည်း တက်ရောက်မည်ဖြစ်သည်။

ယခုအချိန်တွင် တစ်နိုင်ငံလုံး၌ ငါးမွေးမြူရေးကန် ဧက ၂၂၀၀၀၀ ခန့် တူးဖော်မွေးမြူနိုင်ခဲ့ပြီဖြစ်ရာ ထိုင်းနိုင်ငံလေ့လာရေးခရီးစဉ်က မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေရေး ရည်မျှော်ရပါသည်။

စာအုပ် စာပေ လူ့မိတ်ဆွေ

ဗောဓိရိပ်ငြိမ်တောရ သိမ်ကျောင်းရေစက်ချအလှူမင်္ဂလာဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကြီးကျေးရွာ၊ ဗောဓိရိပ်ငြိမ်တောရကျောင်းတိုက်ကြီးတွင် (ဦးလုစိန်)-ဒေါ်တင်တင်၊ သမီး ဒေါ်ခင်လှတင် မိသားစုတို့က မတည်လှူဒါန်းပြီး ဗောဓိရိပ်ငြိမ် ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်အများတို့က စုပေါင်းဆောက်လုပ်လှူဒါန်းအပ်သော အဘိသေကသိဒ္ဓိ နှစ်ထပ်သိမ်ကျောင်းတော်ကြီး ရေစက်ချမင်္ဂလာကို ၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၆ရက် (တနင်္ဂနွေနေ့) ၁၇-၃-၂၀၁၃ရက် နံနက် ၉ နာရီတွင် ပြုလုပ်မည်ဖြစ်ပါ၍ (ဖိတ်စာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ) ရပ်ဝေးရပ်နီးရှိ ဒါယကာ၊ ဒါယိကာမများ ဗောဓိရိပ်ငြိမ်တောရသို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အကျိုးဆောင်များအဖွဲ့
ဗောဓိရိပ်ငြိမ်တောရ

ကန့်ကွက်နိုင်ပါရန်နှင့်အများသိသာစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/စီမံကိန်း (၂)၊ လူနေရပ်ကွက်အမှတ် စီမံကိန်း(၂)၊ မြေကွက်အမှတ် ၂၈၆၊ မြေဧရိယာ ၀ ဒသမ ၀၇၁ဧက၊ စတုရန်းပေ ၃၁၀၀ အကျယ်အဝန်း အလျား×အနံ ၄၆/၅၄ပေ×၆၀/၆၄ပေရှိ နှစ် ၆၀ဂရန်မြေကွက်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးရင်မော် ၅/မရန(နိုင်)၀၁၂၂၉၈ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးမောင်လှ ၁၂/အလန(နိုင်)၀၀၂၂၆၄
အမှတ် ၇/အေ၊ ကျီတော်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၂၀၄၈၇

ပိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် အထူးတရားပွဲ

၁၅-၃-၂၀၁၃ ရက်(သောကြာနေ့) - ဒေါက်တာအရှင်ကုမာရာဘိဝံသ
ဥက္ကဋ္ဌ၊
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊
အဘိဓဇမဟာရဋ္ဌဂုရု၊
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊အဂ္ဂမဟာပဏ္ဍိတ၊
ဗန်းမော်ဆရာတော်
(အထူးတရားပွဲ)

၁၆-၃-၂၀၁၃ ရက်(စနေနေ့) - ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ
ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု
မဟာကမ္မဋ္ဌာနာစရိယ၊
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊
အောင်ဆန်းမိုးကုတ်ဆရာတော်
(ခန္ဓာဉာဏ်ရောက်အထူးတရားပွဲ)

အထက်ပါဆရာတော်ကြီးများမှ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် နန်းဦးဘုရားကြီးတန်ဆောင်း၌ ညစဉ် ည ၇ နာရီတွင် ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ပါရန် နိဗ္ဗာန်အကျိုးမျှော်ကိုး၍ ဖိတ်ကြားအပ်ပါသည်။

ဦးပြည့်စုံဖြိုး-ဒေါ်အေးနန္ဒာစိုး
သား-မောင်ရဲရင့်သီဟမိသားစု

တရားမအထွေထွေလျှောက်ထားလွှာကိုဆိုင်ရန်ချိန်းဆိုသည့်ရက်ကို လျှောက်ထားခံရသူများကို ကြားသိစေသည့် အကြောင်းကြားစာ

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်

၂၀၁၂ ခုနှစ် တရားမအထွေထွေမှုအမှတ် -၈၈

ဒေါ်အေးအေးသန်း နှင့် ၁။ ဒေါ်ဖြူဖြူဝင်း
၂။ ဦးဝင်းသော်
အမှတ် ၅၀၀၊ အခန်း ၂၀၅၊ ဘုရားလမ်း၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၆ ရက်စွဲပါ လျှောက်ထားသူ၏ တရားရုံးများကို မထီမဲ့မြင်ပြုမှုအက်ဥပဒေပုဒ်မ ၃အရ အရေးယူပေးပါရန် လျှောက်ထားမှု။

အထက်အမည်ပါအမှုမှာ လျှောက်ထားခံရသူအမှတ် (၁)ဒေါ်ဖြူဖြူဝင်း၊ လျှောက်ထားခံရသူအမှတ်(၂)ဦးဝင်းသော် (ယခုနေရပ်လိပ်စာမသိ)သူများ သိစေရမည်။

ယခုအမှုတွင် လျှောက်ထားသူက တရားရုံးများမထီမဲ့မြင်မှုအက်ဥပဒေပုဒ်မ ၃အရ အရေးယူပေးပါရန် လျှောက်ထားရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤတရားမအထွေထွေလျှောက်လွှာကို ၂၀၁၃ခုနှစ် မတ် ၂၉ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက်)တွင် ဆိုင်ရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့ရှေ့နေဖြစ်စေ၊ တရားမအထွေထွေမှုတွင် သင်တို့အတွက် ရွက်ဆောင်ရန် တရားဥပဒေအရခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးသို့မလာမရောက်ရှိခဲ့လျှင် ၄င်းပြင်ဆင်မှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်စီရင် ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **အမိန့်အရ-**

(ကျော်စွာငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရွှေလင်ပန်း/၂၃)၊ မြေကွက်အမှတ်(၁၆၇၀)၊ ဧရိယာ(၄၀ × ၆၀)ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ဗိုလ်မှူးထွန်းမြတ်လင်း (၁၂/လမတ(နိုင်)၀၂၀၈၀၉)၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရွှေလင်ပန်း/၂၃)၊ မြေကွက်အမှတ်(၁၆၇၁)၊ ဧရိယာ(၄၀ × ၆၀)ပေအကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်လျက်ရှိသောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုအမည်ပေါက်ဗိုလ်ကြီးကျော်စည်ဟိန်း(၅/စကန(နိုင်)၀၅၅၃၀၁)နှင့် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရွှေလင်ပန်း/၂၃)၊ မြေကွက်အမှတ်(၁၆၇၄)၊ ဧရိယာ(၄၀ × ၆၀)ပေအကျယ်ရှိမြေကွက်နှင့်ယင်းမြေကွက်နှင့်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုအမည်ပေါက်ဒေါ်အိမေလတ်(၁၄/ပသန(နိုင်)၁၈၂၀၇၈) တို့ထံမှ ဦးအောင်နိုင်သန်း(၇/မညန(နိုင်)၀၀၀၉၈၉)က အရောင်းအဝယ်ကတိစာချုပ်အဆက်အစပ်တို့ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားကြောင်းနှင့် အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တာဝန်ယူသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ မည်သူမဆို အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိပြီး (၅)ရက်အတွင်း တရားဝင်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးထိန်လင်းဦး LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၆၁)
အမှတ်(၅၆၇)၊ အခန်း(၃၀၄)၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၆၃၁၈၊ ၀၉ ၇၃၁၀၃၇၈၉။

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၂၂၉၊ မြေကွက်တည်နေရာအမှတ် ၂၂၉၊ ပင်းယ ၁၀ လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ခင်တင့်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်တင့် (ခင်ပွန်း)ဦးလှစိုး(ခ) ရာကွတ်(သား)ဦးခင်မောင်လှ(လူပျိုကြီးဘဝဖြင့်)အသီးသီးကွယ်လွန်သဖြင့် ဦးလှဦး ၁၂/ဥကတ(နိုင်)၁၄၁၄၅၃၊ ဦးမောင်မောင်စိုး ၁၂/ဥကတ(နိုင်)၁၄၁၄၅၅၊ ဦးရဲမင်းစိုး ၁၂/ဥကတ(နိုင်)၁၄၁၄၅၇၊ ဒေါ်မိုးသီတာစိုး ၁၂/ဥကတ(နိုင်)၁၄၁၄၅၆တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ခ/၁၆၂၄ Aeolus Truck (4x2) LHD ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထိုက်စိုး ၉/လဝန(နိုင်)၀၃၃၈၈၈၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**
တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)ရန်ကုန်မြို့

ပျောက်ဆုံးကြောင်း

ကျွန်မ နန်းမျိုးသီရိအောင် ၁၃/သပန(နိုင်)၀၅၈၃၂၂၂၏ PassPort No. A 333363 စာအုပ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၃၇၃၆၅၃၉၊
၀၉-၄၀၃၇၂၇၇၇၂

သွေးသည် အသက်

နိုင်ငံတကာအားကစားသတင်း

ဘာစီလိုနာတို့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တက်ပြီ

မိုးမြင့်လင်းလက် ရေးသားသည်



ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ ရှုံးထွက်ပွဲစဉ်များကို မတ် ၁၃ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာတို့က အံ့သြဖွယ်ရာ သွင်းဂိုးတွေနဲ့အတူ နိုင်ပွဲရရှိခဲ့သလို တူရကီကလပ် ဂါလာတာစာရေးတို့ကလည်း အဝေးကွင်းမှာ နိုင်ပွဲတွေရယူနိုင်ခဲ့တာမို့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ကို တက်ရောက်ခဲ့ကြပြီဖြစ်ပါတယ်။

ဘာစီလိုနာ ၄-၀ အေစီမီလန်

ပထမအကျော့ အေစီမီလန်ကွင်းမှာ နှစ်ဂိုးပြတ်ရှုံးနိမ့်ထားတဲ့ ဘာစီလိုနာဟာ အခုပွဲ အိမ်ကွင်းမှာ အကောင်းဆုံးခြေစွမ်းပြသပြီး အေစီမီလန်တို့ကို ပြိုင်ပွဲက ထွက်စေခဲ့ပြီဖြစ်ပါတယ်။ ပွဲစတင်ကတည်းက တိုက်စစ်ဖွင့်ကစားခဲ့တဲ့ ဘာစီလိုနာဟာ ပွဲအစ ငါးမိနစ်မှာပဲ မက်ဆီက အဖွင့်ဂိုး သွင်းယူခဲ့ပါတယ်။

အေစီမီလန်တို့ အငိုက်မိပြီး အဖွင့်ဂိုးပေးလိုက်ရလို့ ချေပဂိုးရရှိရေးပြန်လည်ကြိုးစားခဲ့ရာမှာ အရာမထင်ခဲ့တာမို့ ပွဲချိန် ၃၉ မိနစ်မှာ မက်ဆီကပဲ ပယ်နယ်တီဧရိယာအစပ်ကနေပြီး အေစီမီလန် ဂိုးသမား ညာထောင့်ကို ကန်သွင်းယူခဲ့တာမို့ ဘာစီလိုနာတို့နှစ်ဂိုး ရရှိခဲ့ပါတယ်။ ပထမပိုင်းပွဲချိန်အပြီးမှာ ဘာစီလိုနာတို့ နှစ်ဂိုးအသာနဲ့ ဦးဆောင်နိုင်နေခဲ့ပါတယ်။ ဒုတိယပိုင်း ပွဲချိန်အတွင်းမှာလည်း အေစီမီလန်တိုက်စစ်မှူးတွေ တောင်ပံနဲ့ အလယ်ကြောက ထိုးဖောက်ကစားခဲ့ပေမယ့် ဘောလုံးဆုံးရှုံးမှုတွေများနေခဲ့ပြီး ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပါဘူး၊ ဒုတိယပိုင်း ပွဲချိန် ၅၅ မိနစ်မှာ ဗီလာက ပယ်နယ်တီစည်းနားက ကန်သွင်းယူခဲ့တာမို့ ဘာစီလိုနာတို့ တတိယဂိုးရရှိခဲ့ပြန်ပါတယ်။

ကွင်းလယ်ကစားကွက်ကို စိုးမိုးထားနိုင်တဲ့ ဘာစီလိုနာဟာ အနိုင်ဂိုးတွေ ထပ်မံသွင်းယူနိုင်ရေး ကြိုးစားခဲ့ပြန်တာမို့ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို ထပ်ဆောင်းပေးချိန်မှာ အယ်လ်ဘာက တစ်ဂိုးသွင်းယူခဲ့ပြန်တာမို့ ပွဲအပြီးမှာ ဘာစီလိုနာတို့ လေးဂိုး-ဂိုးမရှိနဲ့ ထိုက်ထိုက်တန်တန် အနိုင်ယူခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဘာစီလိုနာဟာ နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးနဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ကို တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။

ရှော်လ်ကေး ၂-၃ ဂါလာတာစာရေး

ပြီးခဲ့တဲ့ ပထမအကျော့မှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ နှစ်သင်းစလုံး ခြေကုန်ထုတ်ခဲ့ကြပါတယ်။ အိမ်ရှင် ရှော်လ်ကေးရဲ့ အဖွင့်ဂိုးကို ပွဲချိန် ၁၇ မိနစ်မှာ နူစကာဒါက သွင်းယူပေးခဲ့ပါတယ်။ ဒါပေမယ့် ဂါလာတာစာရေးရဲ့ တန်ပြန်တိုက်စစ်ကြောင့် ပွဲချိန် ၃၇ မိနစ်မှာ အယ်တင်တော့က တစ်ဂိုးသွင်းယူပေးပြီး ချေပခဲ့ပါတယ်။ ဆက်လက်ပြီး ပွဲချိန် ၄၂ မိနစ်မှာ ယီလ်မက်စ်က တစ်ဂိုးသွင်းယူခဲ့လို ဂါလာတာစာရေးတို့ နှစ်ဂိုး-တစ်ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။

ဒါပေမယ့် ရှော်လ်ကေးတို့က ချေပဂိုးရရှိရေးအပြင်းအထန် ကြိုးစားခဲ့ဆဲမို့ ပွဲချိန် ၆၃ မိနစ်မှာ ဘာစတို့စ်က တစ်ဂိုးသွင်းယူခဲ့တာမို့ နှစ်ဂိုးစီဖြစ်နေခဲ့ပါတယ်။ နှစ်သင်းစလုံး အနိုင်ဂိုးရရှိရေးကြိုးစားခဲ့ပေမယ့် ဂိုးမသွင်းနိုင်ခဲ့ကြတာမို့ ပွဲချိန်ပြည့်ပြီး နာကျင်အချိန်ပိုတွင် ဂါလာတာစာရေးရဲ့ ဘူလ်လက်က ဂိုးသွင်းနိုင်ခဲ့ပါတယ်။

ဒါကြောင့် ဂါလာတာစာရေးတို့ သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရပြီး နှစ်ကျော့ပေါင်းရလဒ်လေးဂိုး-သုံးဂိုးနဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ကို တက်ရောက်နိုင်ခဲ့ကြပြီဖြစ်ပါတယ်။

ကမ္ဘာ့ခြေစစ်ပွဲ ဂျက်ဝီရှီရာ လွဲမည်

အာဆင်နယ်ကွင်းလယ်ကစားသမား ဂျက်ဝီရှီရာသည် ခြေမျက်စိထိခိုက်ဒဏ်ရာရရှိသွားပြီး သုံးပတ်ကြာအနားယူမည်ဖြစ်၍ အင်္ဂလန်၏ဆန်မာရီနိုနှင့် မွန်တီနီဂရိုးတို့နှင့် ယခုလအတွင်း ကစားရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲများနှင့် လွဲချော်လိမ့်မည်ဟုဆိုသည်။ ၎င်းသည် ဘိုင်ယန်မြူးနစ်နှင့် အာဆင်နယ်တို့ မတ် ၁၃ ရက်တွင် ကစားမည့် ချန်ပီယံလိဂ် ၁၆ သင်း ဒုတိယအကျော့ ပြိုင်ပွဲနှင့်လည်း လွဲချော်ခဲ့သည်။ ပထမအကျော့တွင် ဘိုင်ယန်မြူးနစ်က အာဆင်နယ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။

ဖက်ဒဲယားနှင့် နာဒယ်တွေ့ဆုံနိုင်

ရော်ဂျာဖက်ဒဲယားနှင့် ရာဖေးလ်နာဒယ်တို့သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား၌ကျင်းပသော အင်ဒီးယန်းဝဲလ် တင်းနစ်ပြိုင်ပွဲတွင် ပြိုင်ဘက်အသီးသီးကို အနိုင်ရခဲ့ပြီးနောက် ၁၆ ဦး ပြိုင်ပွဲသို့ ရောက်ရှိကာ ကွာတားဖိုင်နယ်တွင် တွေ့နိုင်သည်ဟုဆိုသည်။ ဆွစ်ဇာလန်ကြယ်ပွင့် ဖက်ဒဲယားသည် တတိယအကျော့တွင် ခရိုအေးရှားမှ အီဗန်ဒိုဒစ်ကို ၆-၃၊ ၆-၁ ဖြင့်နိုင်ခဲ့သည်။ စပိန်တင်းနစ်ကစားသမား နာဒယ်က အာဂျင်တီးနားမှ လီယိုနာဒိုမေယာကို အနိုင်ရခဲ့သည်။

ရွှန်းနေ မန်ယူမှထွက်ခွာတော့မည်မဟုတ်

မန်ယူတိုက်စစ်မှူး ဝိန်းရွှန်းနေသည် သူ၏ဘောလုံးသမား သက်တမ်းတစ်လျှောက် မန်ယူမှထွက်ခွာတော့မည်မဟုတ်ကြောင်း မန်ယူဒါရိုက်တာ ဆာဘော့ဘီချာလ်တန်ကယုံကြည်ထားသည်။ အသက် ၂၇ နှစ်ရှိ ရွှန်းနေသည် မန်ယူမှထွက်ခွာရန် ဆွေးနွေးနေပြီဆိုသည့် သတင်းကို နည်းပြဖာဂူဆန်က ငြင်းပယ်လိုက်သည်။ ယခုအခါ ရွှန်းနေသည် မန်ယူ၌ ဆက်လက်ကစားမည်ဖြစ်ကြောင်း၊ မည်သည့်အခါမျှ မန်ယူမှထွက်ခွာလိမ့်မည် မဟုတ်ကြောင်း ချာလ်တန်က အတည်ပြုပြောကြားသည်။ မန်ယူသို့ ဗန်ပါစီရောက်လာသော်လည်း ရွှန်းနေသည် မန်ယူ၏ အဓိကတိုက်စစ်မှူးအဖြစ် ဆက်လက်ရပ်တည်လျက်ရှိသည်။

ကောင်းမြတ်သူ - ရေးသားသည်

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

- လီဗာပူးနည်းပြ ရော်ဂျားက လာမည့် နွေရာသီတွင် ကစားသမားအသစ်လေးဦးကို ခေါ်ယူဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- ဝက်စ်ဘရွန်းအသင်းသည် အသက် ၁၉ နှစ်အရွယ်ရှိ ချယ်လ်ဆီးနောက်ခံကစားသမား တိုမက်စ်ကာလက်စ်အား ခေါ်ယူရန် စောင့်ကြည့်လျက်ရှိသည်။
- ဘာမင်ဂမ်တိုက်စစ်မှူး ဇိုင်ဂစ်အား တစ်ပတ်လုပ်ခ ပေါင် ၅၅၀၀၀ မှ ပေါင် ၆၂၀၀၀ အထိ တိုးမြှင့်ပေးမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။
- ဆောက်သမ်တန်နည်းပြဟောင်း နိုဂယ်အက်ကင်က ပရီမီယာလိဂ်ကလပ်အသင်းတစ်သင်းမှ ကမ်းလှမ်းထားကြောင်း၊ လာမည့်ဘောလုံးရာသီ၌ တာဝန်ယူမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- အသက် ၂၆ နှစ်အရွယ်ရှိ အာဆင်နယ်တိုက်စစ်မှူး ဂီရောက်ဒ်သည် လာမည့် နွေရာသီ၌ အသင်းပြောင်းရွှေ့မည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။
- မန်ယူနည်းပြ ဖာဂူဆန်အနားယူခဲ့ပါက ယင်းနေရာ၌ နည်းပြတာဝန်ယူလိုကြောင်း ရိုင်ယန်ဂစ်က ပြောကြားသည်။
- ချယ်လ်ဆီးမှ အက်သလက်တီကို အသင်းသို့ အငှားချထားသော ချယ်လ်ဆီးမှ အသက် ၂၀ အရွယ် ဂိုးသမားကာတိုရစ်က အက်သလက်တီကို၌ ဆက်လက်ကစားရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားသည်။
- ဝုဗ်ဗာအသင်းနည်းပြ ဒိန်းဆန်ဒါးစ်က လာမည့် ဘောလုံးရာသီ၌ အသင်းသစ်တစ်သင်းသို့ ပြောင်းရွှေ့တာဝန်ယူမည်ဖြစ်ကြောင်း ပြောကြားသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
မြန်မာနိုင်ငံတော် ဗဟိုဘဏ်
နေပြည်တော်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်တွင် အသုံးပြုရန်အတွက် အောက်ပါမော်တော်ယာဉ်များအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) City Bus (35 Seaters) (Made in Japan) 1995-98 Model — ၂ စီး
(ခ) Mini Bus (29 Seaters) (Made in Japan)1995-98 Model — ၅ စီး

၂။ တင်ဒါစတင်မည့်ရက်မှာ ၁၄-၃-၂၀၁၃ ရက် (ကြာသပတေးနေ့) နံနက် ၉:၃၀ နာရီဖြစ်ပြီး တင်ဒါပိတ်မည့်ရက်မှာ ၂၀-၃-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀ နာရီဖြစ်ပါသည်။
၃။ တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်
တင်ဒါကြီးကြပ်ရေးအဖွဲ့
နေပြည်တော်
ဖုန်း-၀၆၇-၄၁၈၂၄၃၊ ၀၆၇-၄၁၈၂၉၅

တစ်ဦးတည်း ဖြစ်ပါကြောင်း

ပုဏ္ဏားကျွန်းမြို့နယ်နေ မဦးအေးတင်၏ ဖခင် ဦးမောင်အေးတင် ၁၁/ပဏတ (နိုင်)၀၀၆၇၄၃ နှင့် ဦးဂေါင်းလုံးချေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ ဓမ္မရက္ခိတလမ်း၊ အမှတ် ၂/၇၅နေ မချိုနီလပ်(ခ်)(ခ)မချိုနီလတ် ၆/ထဝန(နိုင်)၀၇၀၂၃၉၏ အမည်မှာ မချိုနီလပ်(ခ်)နှင့်မချိုနီလတ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ **မချိုနီလပ်(ခ်)(ခ)မချိုနီလတ်**

ဂုဏ်ယူဝမ်းမြောက်ခြင်း

လေယာဉ်မှူး ဦးသန်းထွေး(မြန်မာ့လေကြောင်း)အား 7 Days News ဂျာနယ်မှ ၇-၃-၂၀၁၃ ရက်တွင် 7 Days News သူရဲကောင်းဆု ချီးမြှင့်ခဲ့ခြင်းအပေါ် မိသားစုနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

စစ်တက္ကသိုလ်အမှတ်စဉ်(၁၉)မှ သူငယ်ချင်းများ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆-ဒီ-၂၊ ပထမတန်းစားမြေကွက်၊ ဧရိယာ ပေ ၁၀၀×၁၁၅ ပေရှိ The Managing Trustee Parsee Fire Temple (အခွန်လွတ်ဂရန်) မြေကွက်ပေါ်တွင် ဦးအောင်သိန်း+၁ တို့က အဆောက်အအုံဆောက်လုပ်ရန်အတွက် သက်ဆိုင်ရာ ဌာနအသီးသီးမှ ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိခဲ့ပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပြည့်စုံခိုင်လုံသော အထောက်အထားဖြင့် ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

အမှုသည်၏ ညွှန်ကြားချက်အရ-
ဦးထွန်းအောင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၂၃၈)
အခန်း ၂၀၃၊ အမှတ်-၅၆၃/၅၆၅၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉-၇၃၀၃၇၃၇၇
ရုံးချိန်- ၉:၃၀ နာရီမှ ၄:၃၀ နာရီအတွင်း

မွေးနေ့မင်္ဂလာဆုတောင်း

မယမုံဦး Final part II ဆေးတက္ကသိုလ်၊ မန္တလေး

ဖေဖေ မေမေတို့၏ တစ်ဦးတည်းသော ချစ်သမီးလေး မယမုံဦး၏ ၁၄-၃-၂၀၁၃ ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့်ပြည့်စုံပြီး အောင်မြင်မှုများစွာနှင့် ပြည့်စုံတဲ့ဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ဖေဖေ-ဒေါက်တာ အောင်ကြည် (မဟာမြိုင်ဆေးခန်း)
ချစ်မေမေ-ဒေါ်ခင်စန်းဝင်း (SAE)
ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ရမည်းသင်းမြို့

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်ခွဲ၊ ငဝန်ရပ်ကွက်၊ ရှမ်းတန်းလမ်းနေ ဦးလှငြိမ်း(မြို့နယ်တရားသူကြီးအဖွဲ့ဝင်၊ မြို့နယ် သ/မ ဦးစီးဌာန၊ ငြိမ်း)-(ဒေါ်ခင်မျိုးညွန့်၊ တွဲဖက်တိုင်းတရားသူကြီး၊ ငြိမ်း)တို့၏ သား၊
ဗိုလ်ကြီးဇော်မျိုးအောင် (LL.M) (မဟာဥပဒေ)
(ဥပဒေအရာရှိ၊ စစ်ဥပဒေဌာန၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နန်းတွင်း မန္တလေးမြို့)
နှင့်
မြန်အောင်မြို့၊ သဘာ၀မီးစက်လမ်းနေ ဦးဝင်း(ရတနာဝင်းဆန်စက်)-ဒေါ်တာ(ခ)ဒေါ်ခင်မာကြည်(အလပြ၊ ငြိမ်း)တို့၏သမီး
မမီမီဇင် (LL.M) (မဟာဥပဒေ)
"မနောဖြူစတိုး"
တို့သည် ၇-၃-၂၀၁၃ ရက် (ကြာသပတေးနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဇော်မျိုးအောင်-မမီမီဇင်

PDF Compressor Pro

ရေကြောင်း သတိပေးချက်ထုတ်ပြန်

ရန်ကုန် မတ် ၁၃

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-9 တွင် Geophysical Site Investigation (GSI) Survey လုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် MV-GENESIS ဖြင့် မတ် ၁၃ ရက်မှ ဧပြီ ၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geophysical Site Investigation (GSI) Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာတည်နေရာများမှာ Survey Area Boundary Coordinate of SPH Structure in Block M-9 တွင် Point A1 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၂၉ ဒသမ ၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၃ မိနစ် ၃၈ ဒသမ ၉၉ စက္ကန့်၊ Point B1 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၂ မိနစ် ၁၀ ဒသမ ၄၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၅ မိနစ် ၄၅ ဒသမ ၆၀ စက္ကန့်၊ Point C1 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ် ၀၆ ဒသမ ၈၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၆ မိနစ် ၂၇ ဒသမ ၈၀ စက္ကန့်နှင့် Point D1 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၉ မိနစ် ၂၅ ဒသမ ၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၄ မိနစ် ၂၁ ဒသမ ၂၁ စက္ကန့်အတွင်းတွင် လည်းကောင်း၊ Survey Area Boundary Coordinate of ZTK-08 Structure in Block M-9 တွင် Point A2 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၉ မိနစ် ၅၂ ဒသမ ၉၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၃ မိနစ် ၄၆ ဒသမ ၁၆ စက္ကန့်၊ Point B2 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ် ၀၄ ဒသမ ၀၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၅ မိနစ် ၅၂ ဒသမ ၇၅ စက္ကန့်၊ Point C2 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ် ၃၀ ဒသမ ၅၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၆ မိနစ် ၃၄ ဒသမ ၉၄ စက္ကန့်နှင့် Point D2 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ မိနစ် ၄၉ ဒသမ ၃၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၄ မိနစ် ၂၈ ဒသမ ၃၇ စက္ကန့်အတွင်းတွင်လည်းကောင်း၊ Survey Area Boundary Coordinate of GTK-21 Structure in Block M-9 တွင် Point A3 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၅၈ ဒသမ ၉၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၈ မိနစ် ၄၈ ဒသမ ၆၉ စက္ကန့်၊ Point B3 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၂ မိနစ် ၄၀ ဒသမ ၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၅၅ ဒသမ ၄၇ စက္ကန့်၊ Point C3 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၀ မိနစ် ၃၆ ဒသမ ၆၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၁ မိနစ် ၃၇ ဒသမ ၇၈ စက္ကန့်နှင့် Point D3 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၅၅ ဒသမ ၄၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၉ မိနစ် ၃၁ ဒသမ ၀၁ စက္ကန့်အတွင်းတွင် လည်းကောင်း၊ Survey Area Boundary Coordinate of ZTK-40 Structure in Block M-9 တွင် Point A4 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ် ၄၄ ဒသမ ၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၈ မိနစ် ၄၆ ဒသမ ၃၂ စက္ကန့်၊ Point B4 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၃ မိနစ် ၅၅ ဒသမ ၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၀ မိနစ် ၃၈ ဒသမ ၀၇ စက္ကန့်၊ Point C4 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၂ မိနစ် ၀၆ ဒသမ ၂၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၁ မိနစ် ၅၀ ဒသမ ၈၆ စက္ကန့်နှင့် Point D4 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၅၅ ဒသမ ၁၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၉ မိနစ် ၅၉ ဒသမ ၁၂ စက္ကန့်အတွင်းတွင်လည်းကောင်း၊ Survey Area Boundary Coordinate of KKN-65 Structure in Block M-9 တွင် Point A5 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၉ မိနစ် ၁၅ ဒသမ ၆၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၈ မိနစ် ၂၂ ဒသမ ၁၁ စက္ကန့်၊ Point B5 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၀ မိနစ် ၂၆ ဒသမ ၆၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၁၄ ဒသမ ၀၅ စက္ကန့်၊ Point C5 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၈ မိနစ် ၃၇ ဒသမ ၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၂၆ ဒသမ ၈၅ စက္ကန့်နှင့် Point D5 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၇ မိနစ် ၂၆ ဒသမ ၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၉ မိနစ် ၃၄ ဒသမ ၉၂ စက္ကန့်အတွင်းတွင် လည်းကောင်း၊ Survey Area Boundary Coordinate of KKN-New Structure in Block M-9 တွင် Point A6 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၂ မိနစ် ၀၇ ဒသမ ၁၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၅ မိနစ် ၂၈ ဒသမ ၉၀ စက္ကန့်၊ Point B6 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၃ မိနစ် ၁၈ ဒသမ ၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၇ မိနစ် ၂၀ ဒသမ ၇၁ စက္ကန့်၊ Point C6 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၂၉ ဒသမ ၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၈ မိနစ် ၃၃ ဒသမ ၅၇ စက္ကန့်နှင့် Point D6 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ် ၁၈ ဒသမ ၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၆ မိနစ် ၄၁ ဒသမ ၇၇ စက္ကန့်အတွင်းတွင် လည်းကောင်း၊ Survey Area Boundary Coordinate of KKN-74 Structure in Block M-9 တွင် Point A7 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၃၇ ဒသမ ၀၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၁ မိနစ် ၅၂ ဒသမ ၄၉ စက္ကန့်၊ Point B7 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၆ မိနစ် ၄၈ ဒသမ ၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၃ မိနစ် ၄၄ ဒသမ ၃၀ စက္ကန့်၊ Point C7 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၄ မိနစ် ၅၉ ဒသမ ၁၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၄ မိနစ် ၅၇ ဒသမ ၂၃ စက္ကန့်နှင့် Point D7 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၃ မိနစ် ၄၇ ဒသမ ၉၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၃ မိနစ် ၀၅ ဒသမ ၄၂ စက္ကန့်အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်၍ မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-9 တွင် Geophysical Site Investigation (GSI) Survey လုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် MV-GENESIS ဖြင့် ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုများ မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန် ကြေညာထားရာ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

အမျိုးသမီးဝတ်ဆင်ထားသော ဘောင်းဘီတိုအတွင်းမှ ဘိန်းဖြူများဖမ်းဆီးရမိ

မိုးမောက် မတ် ၁၃

ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ကျောက်စခန်းကျေးရွာ၌ ခရီးသည်အမျိုးသမီးတစ်ဦး ဝတ်ဆင်ထားသော ဂျင်းဘောင်းဘီတိုအတွင်း သို့ဝှက်၍ သယ်ဆောင်လာသော ဘိန်းဖြူများ သိမ်းဆည်းရမိကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဗန်းမော်မူးယစ်(အထူး)အဖွဲ့မှ ရဲအုပ်မြင့်ဝင်းနှင့်အဖွဲ့သည် သက်သေများနှင့်အတူ မတ် ၅ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က ဗန်းမော်-လွယ်ဂျယ်ကားလမ်းရှိ ကျောက်စခန်းကျေးရွာတွင် လွယ်ဂျယ်မှ ဗန်းမော်သို့ ယာဉ်မောင်း မြတ်ကိုကို မောင်းနှင်သည့် ၇က/--- အဖြူရောင်ပါဂျဲရိုးခရီးသည်တင်ကားကို ရပ်တန့်စစ်ဆေးခဲ့ရာ ခရီးသည် မချိုချိုဝင်း ဝတ်ဆင်ထားသည့် အညိုရောင်ဂျင်းဘောင်းဘီတိုအတွင်း ဝှက်၍ သယ်ယူလာသော ဘိန်းဖြူဟု ယူဆရသည့် အဖြူမှုန့် ၁၅ ဒသမ ၈ ဂရမ်ခန့်၊ ၁၅ ဒသမ ၆ ဂရမ်ခန့်၊ ၁၅ ဒသမ ၅ ဂရမ်ခန့်၊ ၁၆ ဒသမ ၇ ဂရမ်ခန့်နှင့် ၁၆ ဂရမ်ခန့်ကို ပလတ်စတစ်ဆပ်ပြာခွက် ငါးခွက်ဖြင့် ထည့်လျက် စုစုပေါင်း ဘိန်းဖြူမှုန့် ၇၉ ဒသမ ၆ ဂရမ်ခန့်ကို ရှာဖွေတွေ့ရှိသဖြင့် မချိုချိုဝင်း ၃၆ နှစ် နောင်ခိုရပ်ကွက် ဗန်းမော်မြို့ကို မိုးမောက် ရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဆီမီးခုံ-နန်းရီ

အောင်လံမြို့၌ မီးလောင်မှုဖြစ်ပွား

အောင်လံ မတ် ၁၃

မကွေးတိုင်းဒေသကြီး အောင်လံမြို့ ကန်ကြီးရပ်ကွက် လမ်းမတော်လမ်း ဈေးအနီးရှိ ဇမ္ဗူထွန်းကုန်စုံနှင့် ဆန်ဆီရောင်းဝယ်ရေးဆိုင်တွင် မတ် ၁၁ ရက် ညနေ ၄ နာရီ မိနစ် ၅၀ ခန့်က မီးစတင်လောင်ခဲ့ရာ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ကားနှစ်စီး၊ မြို့ပေါ်ရပ်ကွက်များမှ မီးသတ်ကားခြောက်စီး၊ UKT အရက်ချက်စက်ရုံမှရေသယ်ယာဉ်တစ်စီးနှင့် မီးငြိမ်းသတ်ယာဉ်တစ်စီး စုစုပေါင်းမီးသတ်ကား ၁၀ စီးနှင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားကြောင်းနှင့် အခြားအိမ်များကို ကူးစက်မှုမရှိကြောင်းသိရသည်။ **(အပေါ်ပုံ)** **(၁၁၉)**

လူနာတင်ယာဉ် အခမဲ့ပို့ဆောင်မည်

မော်လမြိုင် မတ် ၁၃

မွန်ပြည်နယ် ရေးမြို့နယ် အစင်ကျေးရွာရှိ သာသနာ့ဇောတိကကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာစာရအမှူးထား၍အစင်နာရေးကူညီမှုအသင်းမှ အစင်၊ ဇီးဖြူသောင်၊ ခမင်းဆိပ်၊ ဆိပ်ကလေးကျေးရွာတို့၌ နေထိုင်ကြသော မိဘပြည်သူများအား ကျန်းမာရေးအကြောင်းကိစ္စဖြစ်ပေါ်လာလျှင် အစင်မှ မော်လမြိုင်သို့ အရေးပေါ်လူနာတင်ယာဉ်ကို မတ် ၄ ရက်မှစ၍ အဆိုပါအဖွဲ့က အခမဲ့ပို့ဆောင်ပေးရာတွင် ဆရာဝန်၏ ခွင့်ပြုချက်ရသော ဝေဒနာရှင် လူနာများကိုသာ အဓိကပို့ဆောင်ပေးမည်ဖြစ်ပြီး လူနာတင်ယာဉ်ကို အရေးပေါ်ဆက်သွယ်နိုင်ရန် လူနာတင်ယာဉ် ဖုန်း-၀၉-၈၇၀၃၃၄၃၊ ဆရာတော် ဦးအာစာရ ဖုန်း-၀၉-၄၉၈၀၃၄၀၉ တို့ဖြစ်ပြီး ၂၄ နာရီ အရေးပေါ် အခမဲ့ဝန်ဆောင်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နေမျိုးထွဋ်(ရေး)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နေ
ဦးစိုးမောင်-ဒေါ်ခင်ခင်စိန်တို့၏ တစ်ဦးတည်းသောသား

ဗိုလ်မှူးစိုးလင်းမောင်

B.A(D.S.A),M.A(Myanmar) နှင့်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ
ဒုရဲမှူးသန်းထွန်း(ငြိမ်း)(ရှေ့နေ)-ဒေါ်မေမြင့်သန်း[ရုံးအုပ်ကြီး၊(ငြိမ်း)မန်းစည်ပင်]တို့၏သမီး

ဗိုလ်ကြီးမေနွယ်ထွန်း

B.N.Sc(D.S.M.A),M.N.Sc(M.I.N.P)

တို့၏ ၉-၃-၂၀၁၃ရက်၌ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်မိုးနှင့်ဇနီး ဒေါ်ချယ်ရီစိုးသိန်း မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ မြို့တော်ဝန် ဦးအောင်မောင်းနှင့်ဇနီး ဒေါ်အေးအေးမြင့်တို့အားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်း၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်တင်နွယ်ဝင်း၊ မန္တလေးတိုင်းဒေသကြီး ဒုတိုင်း ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ထွန်းနိုင်နှင့်ဇနီး ဒေါ်ရီမာဦး၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော မန္တလေးခရိုင်တရားရုံး ဒုဦးစီးမှူး ဒေါ်သန္တာညွန့်တို့အားလည်းကောင်း၊ အခမ်းအနားမှူး မဇင်နွယ်ခိုင်၊ မင်္ဂလာပန်းကြဲဖြန်းပေးပါသော မမြတ်သန္တာဦး၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မစုစုမာ(ဒုကျောင်းအုပ်၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း)၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော ဗိုလ်ကြီးနွယ်နီလာအေး၊ မင်္ဂလာဝတ်စုံချုပ်လုပ်ပေးပါသော Clean Lady Fashion(နေပြည်တော်)၊ မိတ်ကပ်နှင့်ဆံပင်(သူဇာ) အဘက်ဘက်မှ မေတ္တာဖြင့်ဝိုင်းဝန်းကူညီပေးပါသော ဗိုလ်မှူးဝင်းထွဋ်(ငြိမ်း)နှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များချီးမြှင့်ပေးပါသော စစ်ဘက်၊ ရဲဘက်၊ နယ်ဘက်အသီးသီးမှ အရာရှိကြီးများ၊ အငြိမ်းစား ရဲမှူးကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့် ဗိုလ်မှူးစိုးလင်းမောင်-ဗိုလ်ကြီးမေနွယ်ထွန်း

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၄၁၆၅၈ Honda Scoopyi ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းယဉ်ယဉ်အေး ၉/ခအဇ(နိုင်)၀၂၂၁၁၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

တစ်ဦးတည်းဖြစ်ကြောင်း

ဦးမြင့်စိန်၏သမီး မဇာဇာအိခိုင်နှင့် မဇာဇာအိအိခိုင် ၁၄/လပတ(နိုင်) ၁၁၄၆၁၅ မှာ တစ်ဦးတည်းဖြစ်ကြောင်း။

မဇာဇာအိခိုင်

တစ်ဦးတည်းဖြစ်ကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ခုံကြီးအုပ်စု၊ ကညင်စုရွာနေ မစုမြတ်နှင်းဦး၏ဖခင် ဦးတင်ထွေး(ခ)ဦးပြားကြီး ၁၄/အဂပ(နိုင်)၁၀၂၀၁၈မှာ တစ်ဦးတည်းဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဦးတင်ထွေး(ခ)ဦးပြားကြီး

ကန့်ကွက်နိုင်ရန်ကြော်ငြာချက်

တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်၊ ဥသြလမ်း၊ အမှတ်(၃၅-ခ)နေ ဦးကျင်းတောင် ၁၃/ဖခန(နိုင်)၀၀၀၈၁၃၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်ရှိ အကွက်အမှတ် ၅၂၊ အကွက်အမည် ဗလီတောင်၊ မြေကွက်အမှတ် ၁၃၊ ဧရိယာ ၀ဒသမ ၁၀၄ဧကရှိမြေကွက်ကို ဂရန်အမှတ်တွဲအမှတ်(၇၉၅/၁၉၉၁)ဖြင့် ဗိုလ်ကြီးဇော်ဝင်း အမည်ပေါက်မြေကွက်ကို ကျွန်ုပ်၏အမှုသည် ဦးကျင်းတောင်က ၁၇-၈-၂၀၁၁ရက်က ဝယ်ယူလက်ရောက်ရရှိခဲ့ပြီး ဖြစ်ပါသည်။ ဗိုလ်ကြီးဇော်ဝင်းမှာ ပြောင်းရွှေ့သွားပြီးနောက် စုံစမ်းမရတော့သဖြင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရခြင်း မရှိသေးပါ။ အဆိုပါဥပစာနှင့်ပတ်သက်၍ တရားဝင်စာရွက်စာတမ်းများဖြင့် ကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးပါက မှတ်ပုံတင်စာချုပ်ကိစ္စအတွက် သက်ဆိုင်ရာရုံးတွင် အရေးယူဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ထွေး LL.B
(စဉ်-၆၆၂၂/၁၉၉၈)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၁၇၈/ဖ၊ သရေခေတ္တရာလမ်း၊
နယ်မြေ ၁၊ ညောင်ဖြူစခန်းရပ်၊ တောင်ကြီးမြို့၊
ဖုန်း-၀၉-၅၂၁၁၉၈၅၊ ၀၈၁-၂၀၅၁၃၁

ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ မိုင်းကိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈)၊ ယန်းခမ်းကွင်း၊ ယန်းကျောက်ရွာအတွင်းရှိ ခြံမြေဧရိယာ ၀ဒသမ ၄၅ဧကခန့်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ တာချီလိတ်မြို့၊ ဟောင်လိတ်ကျေးရွာအုပ်စု၊ ဝိန်းကျောက်ကျေးရွာ၊ အမှတ် ၁၇၄ နေ ဦးပုကျိုင်း၏သမီး ဒေါ်နန်းပုံနန်း ၁၃/မဖန(နိုင်)၀၂၉၄၃၇က ခြံမြေလွှဲပြောင်းပေးအပ်ခြင်း ကတိစာချုပ်ဖြင့် လွှဲပြောင်းရယူထားရှိပြီး ဖြစ်ပါသည်။

ဖော်ပြပါခြံမြေကွက်ကိစ္စရပ်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းထွန်း (LL.B)
အထက်တန်းရှေ့နေ၊ စဉ်-၂၁၉၅၆
အမှတ် ၄၂၄၊ မယ်ခေါင်ရပ်ကွက်၊
တာချီလိတ်မြို့

ကြော်ငြာ

Myanmar Tourism Services Co., Ltd.

တိုင်းရင်းသားခရီးစဉ် (ခြေ ၉ ရက်) (ခြေ ၁၃ ရက်)
တော်ဝင်–မလေးရှား ခရီးစဉ် (ခြေ ၁၀ ရက်)
5% Discount

MTS ခရီးစဉ်များ

အခန်းအမှတ် (၁၀၁၀)၊ (၁၀)လွှာ၊ ယုဇန တာဝါ၊ ရွှေဂုံတိုင်၊ ရန်ကုန်မြို့
ဖုန်း – ၅၅၂၆၄၂၊ ၀၉ ၇၃၂၁ ၆၀၁၀၊ ၀၉ ၄၉ ၃၀၁၇၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန
၁၁၄၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ နေပြည်တော်တွင် ခန့်ထားရန်အတွက် အောက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်လွှာများ ခေါ်ယူပါသည်။

(က) မှတ်တမ်းထိန်း–၂၊ မော်ကွန်းထိန်း–၂ လစာနှုန်း(၅၉၀၀၀–၁၀၀၀–၆၄၀၀၀) ရာထူးနေရာ(၄)နေရာ

(ခ) ကွန်ပျူတာစီစဉ်ရေးမှူး လစာနှုန်း(၅၉၀၀၀–၁၀၀၀–၆၄၀၀၀) ရာထူးနေရာ(၁)နေရာ

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) အမှတ်စဉ်(က) ရာထူးနေရာအတွက် လျှောက်ထားသူသည် မဟာဝိဇ္ဇာဘွဲ့ (သမိုင်း) ရရှိထားသူ ဖြစ်ရမည်။ (ဤဦးစီးဌာနမှ ဝင်ရောက်ဖြေဆိုလိုသူဝန်ထမ်းများသည် အမှုထမ်းသက်(၃)နှစ်ပြည့်ပြီး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။) အမှတ်စဉ်(ခ) ရာထူးနေရာအတွက် လျှောက်ထားသူသည် B.C.Sc ဘွဲ့ရရှိထားသူ ဖြစ်ရမည်။

(ဂ) ၁–၃–၂၀၁၃ရက်တွင် အသက်(၃၀)ထက်မကြီးသူ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ် ထက်မကြီးသူ ဖြစ်ရမည်။

(ဃ) အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာပုံစံများကို အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန(ရန်ကုန်)ရုံးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံး၊ ရုံးအမှတ် ၃၂၊ နေပြည်တော်တို့တွင် ရယူနိုင်ပါသည်။

လျှောက်လွှာပုံစံနှင့်အတူ

(က) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့ရလက်မှတ်မိတ္တူ

(ခ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၅)ပုံ

(ဂ) သက်ဆိုင်ရာရဲစခန်းမှ ၁၀–၃–၂၀၁၃ရက်နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တ ထောက်ခံချက်မူရင်း

(ဃ) မှတ်ပုံတင်မိတ္တူ

(င) စာမေးပွဲဝင်ကြေး ၁၀၀၀ိ/(ကျပ်တစ်ထောင်တိတိ)

(စ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ် ပူးတွဲပါရှိရပါမည်။

၄။ အစိုးရဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဤဦးစီးဌာန(ရန်ကုန်)ရုံးသို့ ၂၀–၃–၂၀၁၃ရက် အရောက်ပေးပို့ရမည်။

၅။ ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲများ ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရမည့်ဘာသာရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အင်္ဂလိပ်စာ

(ခ) ကွန်ပျူတာကျွမ်းကျင်မှု

စာမေးပွဲကျင်းပမည့်ရက်၊ အချိန်နှင့်နေရာတို့အား ဤဦးစီးဌာန(ရန်ကုန်)ရုံးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံး၊ ရုံးအမှတ်(၃၂)နေပြည်တော်တို့တွင် ဆက်လက်ကြေညာပါမည်။

၆။ လျှောက်လွှာများကို စာတိုက်မှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ အမှတ် ၁၁၄၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ (သို့မဟုတ်) ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံး၊ ရုံးအမှတ် ၃၂၊ နေပြည်တော်သို့လိပ်မူ၍ ၂၀–၃–၂၀၁၃ရက် နောက်ဆုံးထား၍ ပေးပို့ကြရမည်။

၇။ အသေးစိတ်အချက်အလက်များကို စုံစမ်းလိုပါက အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ လူကိုယ်တိုင်(သို့မဟုတ်) ဖုန်း–၀၁–၃၉၅၂၄၈၊ ၀၁–၃၇၀၇၇၈တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

ရှင်သာမဏေမေ့ဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့
ဗုဒ္ဓအဆုံးအမ လူငယ်ယဉ်ကျေးမှုသင်တန်း

နွေရာသီဗုဒ္ဓအဆုံးအမ လူငယ်ယဉ်ကျေးမှုသင်တန်းကို ရွှေတိဂုံစေတီတော် အရှေ့ဘက် အာဇာနည်လမ်း၊ ရှင်သာမဏေမေ့ဗိမာန်၌ ပို့ချပေးမည်ဖြစ်ရာ မူလတန်းကျောင်းသားအရွယ်မှစ၍ အထက်တန်းကျောင်းသားအရွယ်အထိ တက်ရောက်နိုင်ပါသည်။

သင်တန်းရက် – ၂၀၁၃ ခုနှစ် မတ် ၁၆ ရက်မှ ၂၄ ရက်အထိ၊ ၉ ရက်၊
အချိန် – နံနက် ၈ နာရီမှ ၁၁း၃၀ နာရီအထိ။ **ဖုန်း–၀၁–၃၈၇၃၆၁**

စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် (၂၀/ဒီ)ရှိ (ရှစ်ထပ်တိုက်)အဆောက်အအုံ၏ အခန်းအမှတ် (ဘီ/၆၀၁) ပေ (၂၄×၇၀)ရှိ
တိုက်ခန်းဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကြီးနန်း ၁/ဗမန(နိုင်)၀၁၁၅၃၉နှင့် ဦးဘုန်းညွန့်ဦး ၁၂/စခန(နိုင်)၀၀၄၉၅၂ တို့ထံမှ အပြောက်စနစ်ဖြင့်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေထံမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးဘုန်းမြင့် (ငါးသိုင်းချောင်း) LL.B
တရားလွှတ်တော်ရှေ့နေ (၃၁၄၈/၈၅)၊ Japan Tokyo 4 Years, Legal Consultant
အမှတ် ၂၂၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်၊
ဖုန်း–၀၉–၄၂၀၇၁၀၈၈၈၊ ၀၉–၄၂၀၇၂၆၉၉၉၊ ၀၁–၅၁၈၁၄၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ၊ နိုင်ငံခြားငွေ(Euro)တို့ဖြင့် ဝယ်ယူလိုပါသည်–

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	ပိတ်ရက်
1.	15(T)3/MR(E) 12-13(Euro)	Raw material for Concrete Sleeper Production (5)Items (7 mm Ø P.C Wire, 4mmØ M.S Wire Iron Shoulder, ABS Plastic, Colour Material (Black)	5-4-2013 12:00 Hrs
2.	12(T)34/MR(ML/ISN) 12-13 (Kyat)	Spare Parts for D.E.L (2000 HP Alstom) 239 Items	10.4.2013 12:00 Hrs
3.	12(T)35/MR(ML/ISN) 12-13(Euro)	Spare Parts for D.E.L (2000 HP Alstom) (317) Items	26.4.2013 12:00 Hrs

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၃–၃–၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၁–၂၉၁၉၈၅၊ ၂၉၁၉၉၄

စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန
မြေနေရာနှင့်အဆောက်အအုံများအား နှစ်ရှည်ငှားရမ်းရန်အတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာနပိုင် အကွက်(၉၀၂)၊ သီတာအေးရပ်ကွက် (ရတနာပူရပြတိုက်အနီး)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ရန်ကုန်–မန္တလေးကားလမ်းမကြီးဘေးရှိ ယခင်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံ(မန္တလေး)၏ မြေနေရာနှင့် အဆောက်အအုံများအား နှစ်ရှည်ငှားရမ်းဆောင်ရွက်လိုပါသဖြင့် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်များအား ဝယ်ယူရောင်းချမှုကြီးကြပ်ရေးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ၁၁–၃–၂၀၁၃ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်အဆိုပြုလွှာများအား ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊နေပြည်တော်သို့ ၂၂–၃–၂၀၁၃ရက် ၁၆း၀၀နာရီ နောက်ဆုံးထားတင်သွင်းရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက စက်မှုညွှန်ကြားရေးဦးစီးဌာန၊ ဖုန်းအမှတ်–၀၆၇–၄၀၈၁၉၆၊၀၆၇–၄၀၈၁၉၁၊ ၀၆၇–၄၀၈၀၈၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

စက်မှုညွှန်ကြားရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်

သီရိအောင်ဇမ္ဗူသိမ်တော်ကြီး
ရေစက်ချမင်္ဂလာဖိတ်ကြားခြင်း

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာ (၃)ရပ်ကွက်၊ ကျိုက်ခေါက်ဘုရားလမ်းရှိ သရက်ပင်ကျောင်းတိုက်အတွင်း တည်ဆောက်ပြီးစီးပြီဖြစ်သော သီရိအောင်ဇမ္ဗူသိမ်တော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားကို ၁၃၇၄ခုနှစ် တပေါင်းလဆန်း ၁၃ရက်၊ မတ် ၂၄ရက် တနင်္ဂနွေနေ့ နံနက် ၈နာရီမှ စတင်ကျင်းပပြီး မွန်းတည့် ၁၂နာရီတွင် ရေစက်ချတရားနာယူမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ အလှူရှင်များနှင့် ဒါယကာ ဒါယိကာမအပေါင်းတို့သည် ဖိတ်ကြားလွှာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

သိမ်တော်ကြီးဖြစ်မြောက်ရေးအဖွဲ့
သရက်ပင်ကျောင်းတိုက်၊ သန်လျင်မြို့

မိုးသောက်ပန်းအဆောင်မြင့်မှုကြို
(၁၉၉၄–ခုနှစ်တွင် တည်ထောင်သည်)
"ဘယ်နေ့ဘဲတက်တက်၊ ဘယ်အချိန်ဘဲ တက်တက်
နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက်
မိုးသောက်ပန်း ရှိနေမယ်"
နံနက်(၉း၀၀)နာရီမှ(၃း၀၀)နာရီအထိ
ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက် တပ်ဆင်ထားပါသည်။
(1) Juntion စေနအနီး Ph:571545, 09-5126882
(2) ယုဇနပလာဇာလုံးချင်းအိမ်ရာ Ph:200917,09-43122884
(3) ရန်ကင်း၊ကျောက်ကုန်း Ph:566592,09-421008133

နီဗ္ဗာန်သည် မျက်မှောက်ဘဝ၌ မျက်မှောက်ပြုအပ်သောတရား။

သစ္စာ၏နိဒါန်း ဓမ္မပါလ

ထွက်ပြီ
ဖြန့်ချီရေး(ရန်ကုန်)ဦးစိုးဝင်း ၀၉၇၃၁၉၆၂၇၁
(နယ်မန္တလေး)စိုးဇင်စာပေ ၀၁–၂၂၈၂၉၇
၀၉၅ ၀၄၉၇၈၃ ၊ ၀၉ ၄၅၀၀၄၀၇၆၇

အများသိစေရန်

နောင်ချိုမြို့၊ ဘူတာရပ် အကွက်(၂)၊ နယ်မြေ(၆)နေ ဦးခင်မောင်ညွန့်–ဒေါ်ခင်သောင်း တို့၏သမီးဖြစ်သူ ကျွန်မ မနုနုထွန်းနှင့် ကိုရွှေဖူး ၁၃/ကမန(နိုင်)၀၉၇၁၆၅သည် နှစ်ဦးစလုံး ပေါင်းသင်းဆက်ဆံနေထိုင်ခြင်းမရှိသည်မှာ လေးနှစ်ပြည့်သည်အထိဖြစ်ပါသည်။ ကိုရွှေဖူးနှင့် ပတ်သက်သည့်ကိစ္စများကို ကျွန်မ လုံးဝတာဝန်မယူပါ။ သက်ဆိုင်ခြင်းလည်းမရှိပါကြောင်း သိစေအပ်ပါသည်။ **မနုနုထွန်း ၁၃/နခတ(နိုင်)၀၀၃၈၀၅၊ နောင်ချို**

ရောင်းမည်

သဃ်န်းကျွန်းမြို့နယ်၊ ငှိုးကိုပ်(၂)လမ်း၌ မြေညီထပ်မှ ဒီဘာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။
(သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းမကြီးနှင့်ကပ်လျက်)
အဆင့်မြင့်ပြင်ဆင်ပြီး လူနေရန်အသင့်ဖြစ်သည်။
09-5401011, 09-73095677

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၃၃၉၃ အမျိုးအမည် Toyota Corolla CE 96 အမျိုးအစား S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဦး ၁၀/သထန(နိုင်)၁၂၆၂၆၄က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားမူရင်းများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဟ/၁၉၅၉ Shan Cheng၊ သုံးဘီးဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင် ၁၀/မလမ(နိုင်)၁၈၀၀၂၀က မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

မြတ်သန္တာမဟာစည်သာသနာ့ရိပ်သာ
သင်္ကြန်အထူးတရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာရှိ မြတ်သန္တာမဟာစည် သာသနာ့ရိပ်သာ သင်္ကြန်(၁၀)ရက် အထူးတရားစခန်းကို ၁၂–၄–၂၀၁၃ရက်မှ ၂၂–၄–၂၀၁၃ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ယောဂီများ အောက်ပါဖုန်းနံပါတ်များသို့ ကြိုတင် စာရင်းပေးသွင်းနိုင်ပါသည်။ ဖုန်း–၀၉–၅၁၈၉၈၂၈၊ ၀၉–၇၃၀၉၀၄၉၀၊ ၀၁–၆၂၈၁၀၅

မြတ်သန္တာမဟာစည်သာသနာ့ရိပ်သာ
လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဝိပဿနာပညာမိတ်ဆက်သင်တန်း

တရားရိပ်သာမဝင်နိုင်သူများအတွက် မိသားစုတာဝန်ထမ်းဆောင်ရင်း စီးပွားရေး လုပ်ကိုင်ရင်း ရုပ်၊ နာမ်၊ ကံ၊ ဝဋ်သုံးပါး၊ အနုပဿနာလေးပါး၊ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးနှင့် ဝိပဿနာအကြောင်းတို့ကိုသိရှိပြီး မိမိအိမ်တွင် တရားအားထုတ်နိုင်ရန် ရည်ရွယ်၍ ဦးမျိုးမြင့်ထွန်းက ဓမ္မဒါနပို့ချသင်ကြားပေးမည်ဖြစ်သည်။ သင်တန်းရက်မှာ ၂၀၁၃ မတ် ၂၂ရက်မှ ၃၁ရက် အထိ၊ ညနေ ၃နာရီမှ ၅း၃၀နာရီအတွင်း ရွှေတိဂုံစေတီတော်အရှေ့ဘက်၊ အာဇာနည်လမ်း၊ ရှင်သာမဏေမေ့ဗိမာန်၌ ပို့ချပေးမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပါသည်။

ဖုန်း–၀၁–၃၈၇၃၆၁၊ ၀၉–၄၂၀၁၈၅၃၈၆

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ
သင်္ကြန်အကြိုနှင့် သင်္ကြန်အတွင်း ခုနစ်ရက် တရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၁) ဝိုင်းကျောင်းတိုက်၊ ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင်း ၂–၄–၂၀၁၃ရက်မှ ၈–၄–၂၀၁၃ရက်အထိ ခုနစ်ရက် သင်္ကြန်အကြိုတရားစခန်းပွဲနှင့် ၁၃–၄–၂၀၁၃ရက်မှ ၁၉–၄–၂၀၁၃ရက်အထိ သင်္ကြန်တွင်း ခုနစ်ရက် တရားစခန်းတို့ကို ရွှေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ (ပိဋကတစ်ပုံအောင်) ဒီဃနိကာယဓမ္မာစရိယ၊ သာသနဓဇ သီရိပဝရဓမ္မာစရိယ၊ ဒီဃနိကာယကောဝိဒ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်သူမြတ်မှ ဟောကြားပို့ချမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများ ၂၉၊ ၃၀၊ ၃၁–၃–၂၀၁၃ရက်များတွင် စာရင်းသွင်းရန်နှင့်ဆွမ်းစသော အာဟာရတို့ကို ဆက်ကပ်လှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြပါသည်။

ရွှေမြင့်မိုရ် အကျိုးဆောင်အဖွဲ့
ဖုန်း–၅၇၁၂၅၈၊ ၈၅၀၀၃၄၅၊ ၀၉–၄၂၀၀၇၀၇၈၉၊ ၀၉–၄၂၁၁၇၇၂၃၁၊ ၀၉–၄၂၀၀၉၈၇၃

မကြီးစန္ဒာ
အမျိုးသမီးအပ်ချုပ်သင်တန်း
ဘာသာစုံ စနစ်တကျ တစ်ဦးချင်းစီ
အတတ်သင်ပေးသည်။
၁။ (က) ဘလောက်စိုင်း ၂၀၀+ကုတ်ပုံသေနည်း အမျိုးမျိုး (ခ) မြန်မာအင်္ကျီပါတိုက်
(ဂ) ကလေးဝတ်စုံ (ဃ) ရှပ်+ဂျာကင်+ပြိုင်း
(င) ဂါဝန်အမျိုးမျိုး၊ ဘောင်းဘီအမျိုးမျိုး
၂။ အိမ်အရောက်သင်တန်း၊ သီးသန့်သင်တန်း၊ ညနေသင်တန်း၊ တနင်္ဂနွေသင်တန်း
၃။ စက်ကြီး ပန်းထိုး + စက်သေး + လက်ရေးပန်းထိုးသင်တန်း
Handmade၊ စီကွင်း၊ ကျောက်အလှဆင်၊ ကွန်ပျူတာပန်းထိုး
၄။ အိမ်တွင်း အသင့်ချုပ်နိုင်ရန် ညှပ်ပြီး ပုံဆန်းအမျိုးမျိုး ဝယ်ယူနိုင်ပါသည်။
၅။ ရပ်ဝေးသူများအတွက် နေရေး၊ စားရေး စီစဉ်ပေးသည်။
– ဆိုင်အမှတ်၁။ အမှတ်(၆၅)၊ အနော်ရထာလမ်း၊ အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ရန်ကုန်မြို့။
– ဆိုင်အမှတ် ၂။ အမှတ်(၁၀၄/၁၁၂)အနော်ရထာလမ်း၊ ၃၃လမ်းနှင့်၃၄လမ်းကြား။
ဖုန်း – ၃၈၈၂၃၃၊ ၃၇၅၀၀၄၊ ၀၉–၅၀၀၇၆၆၅၀

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သမီး မဟေမာဝင်း ၁/မကန(နိုင်)၁၄၂၈၅၆သည် မိဘတို့၏ဆိုဆုံးမမှုကို နားမထောင်ဘဲ မိမိ၏ဆန္ဒအတိုင်း ပြုမူဆောင်ရွက်နေပြီး အိမ်မှ ထွက်ခွာသွားခဲ့ပါသည်။ နေအိမ်သို့ပြန်လာရန် အကြိမ်ကြိမ်ဆက်သွယ်ပါသော်လည်း ပြန်မလာသည့်အတွက် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

မိဘများ
ဦးမောင်မောင်ကြီး–ဒေါ်လှလှဝင်း
မြို့သစ်ရပ်၊ မြစ်ကြီးနားမြို့

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်ဟိန်းထက်အောင် ၁၂/တမန(နိုင်)၁၁၀၃၈၁သည် ခွင့်မလွှတ်နိုင်သော ငွေကြေးကိစ္စများ အလွဲသုံးစားပြုလုပ်ပြီး ၁၀–၁၀–၂၀၁၂ရက်တွင် မိမိသဘောဆန္ဒဖြင့် နေအိမ်မှထွက်ခွာသွားသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ် လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမှ လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

ဦးအောင်ဝေ ၃/ကကရ(နိုင်)၀၄၆၉၉၆

ကြော်ငြာ

ပင်းတယမြို့၊ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား ဗုဒ္ဓပူဇနီယတပေါင်းပွဲတော် ဖိတ်ကြားလွှာ

ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်ကို (၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ) ၂၀၁၃ ခုနှစ် မတ်လ ၂၂ ရက်မှ ၂၇ ရက်အထိ ဘုရားတပေါင်းပွဲကျင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး (တပေါင်းလဆန်း ၁၄ရက်) ၂၀၁၃ခုနှစ် မတ်လ ၂၅ရက် ဓနုတိုင်းရင်းသားများ ဆုံစည်းရာနေ့တွင် ဆွမ်းဆန်စိမ်းနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲကို ဓနုတိုင်းရင်းသားများ ဓလေ့ထုံးစံအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ရပ်ဝေး/ရပ်နီးမှ မိတ်ဆွေသဂ်ဟများ လာရောက်လည်ပတ်နိုင်ပါရန်နှင့် ဈေးဆိုင်ခန်းများအတွက် လာရောက်ဆက်သွယ်လိုပါက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံး ဖုန်းနံပါတ် ၀၈၁-၆၆၀၀၂ နှင့် ၀၈၁-၆၆၀၀၃တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း။

ရွှေဥမင်ဘုရား တပေါင်းပွဲတော်ကျင်းပရေးဦးစီးကော်မတီ၊ ပင်းတယမြို့

Hi အသက်ရှည်ရှည်ကျန်းကျန်းမာမာ နေလိုသူတိုင်းအတွက်

HEALTH iNFO Journal

ကျန်းမာရေးဂျာနယ်

နှစ်ပတ်တစ်ကြိမ်

သောကြာနေ့တိုင်း ထုတ်ဝေပါမည်။

ထွက်ပြီ

အမှတ် (၁၂၈)၊ ၄၂ လမ်း (အထက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁ - ၃၈၀၃၉၉၁၊ ၀၉ - ၄၂၀၁၁၀၄၅၅

E-mail:healthinfo528@gmail.com

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကက-၁၃/၀၂/၁၁၀

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)

သမိုင်းတံခွန် ဦးထွန်းနွယ်

ဦးစီးတည်ထောင်သော

ပညာနန်းတော်

၅တန်း မှ ၁၀တန်းအထိ

ကိုယ်ပိုင်အထက်တန်းကျောင်း၊ အထူးအဆင့်မြင့်ဘော်ဒါ

ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း (မတ် ၂၈ စမည်)

